


မင်းရှိမှလိုတယ်
၂၅

# မင်းရှိဖို့လိုတယ်

ဤဝတ္ထုဇာတ်လမ်းသည် မိမိ၏ စိတ်ကူးမှ ဖြစ်ပါသည်။ တိုက်ဆိုင်မှု ရှိလျှင် ခွင့်လွှတ်ပါရန် ပန်ကြားအပ်ပါသည်။

လေးစားစွာ ဖြင့်

စာရေး သူ

♥♥♥

(တစ်)

သည်နေ့ နေရသည်မှာ တစ်မျိုးကြီး ဖြစ်နေသည်။

ခဲဆွဲထားသည်သို့လည်း လေးပင်လှပါ၏ ။

လက်ထဲက ပန်းကန်တွေ ကို မကွဲမရှအောင် မနည်းကြီး သတိထား ဆေးကြောနေစဉ်. . .

'မမ ဆုသက်ထွေး. . . မမကြီးက လာခဲ့ဦးတဲ့. . .'

'ဟင်. . . မမဆုသက်ထွေးကို ခေါ်နေတယ် ဟုတ်လား. . . အိမ်ရှေ့မှာ ဧည့်သည်တွေ ကော ရှိသေးလား အေးပုံ. . .'

'ပြန်ကုန်ကြပြီ မမဆုသက်ထွေးရဲ့ . . .'

ရှိုက်ထားသော ပင့်သက်ကို မှုင်မှုင်ချပြီး အိမ်ရှေ့ခန်းဆီသို့ ဆုသက်ထွေး ထွက်ခဲ့ပါသည်။

နှစ် ယောက် ထိုင်ဆိုဖာတွင် အသစ်စက်စက် သူ့ ခင်ပွန်းနှင့် ယှဉ်တွဲ ၍ ထိုင်နေသော မမကြီး မေသော်က သူ့ထံသို့ လျှောက်လာနေသော ဆုသက်ထွေးကို မပြုံး မရယ်သော မျက်နှာဖြင့် တစ်ချက်လှမ်းကြည့်လိုက်သည်။

'မမ မေသော် ဆုကို ခေါ်တယ်ဆို ဘာခိုင်းမလို့လဲဟင်. . .'

'ခိုင်းမလို့ မဟုတ်ဘူး. . . ပြောစရာရှိလို့ ထိုင်ဦး ဆုသက်ထွေး. . .'

'ဟုတ်ကဲ့. . .'

ဆုသက်ထွေးသည် မေသော်တို့ ဇနီးမောင်နှံ နှစ် ယောက် လုံး၏ မျက်နှာများ ကို စိုက်ခနဲ တစ်ချက်ကြည့်ပြီး မော်သော်နှင့် မျက်နှာချင်းဆိုင်ခုံတွင် ဝင်ထိုင်လိုက်သည်။

'ဟင်. . . ကိုကို ဒါက ဘယ်လဲ. . .'

ရုတ်တရက် သူ့နံဘေးက ထလိုက်သော ကိုစောဦးကို မေသော်က မော့ကြည့်ကာ မေးလိုက်သည်။

'မေသော်တို့ ညီအစ်မ ပြောစရာရှိတာ လွတ်လွတ်လပ်လပ် ပြောကြပါ. . . ကိုကို ခဏ လောက် ခါးသွားဆန့်ချင်လို့. . .'

'သြော်. . . သွားလေ. . . မေသော်လည်း ခုပဲ လာခဲ့မှာ ပါ. . . သိပ်မကြာပါဘူး ကိုကို. . .'

ခေါင်း ဆတ်ခနဲညိတ်ပြပြီး ဆုသက်ထွေးဆီသို့ လှစ်ခနဲ တစ်ချက်ကြည့်ကာ စောဦးက မင်္ဂလာ အိပ်ရာအခမ်းအနားပြင်ဆင်ထားသော အခန်းဆီသို့ လျှောက်သွားတော့သည်။

'ဟဲ့. . . ဘာကြည့်နေတာလဲ မိဆု. . .'

'သြော်. . . ဟုတ်ပါဘူး. . . မမမေသော်. . .'

ကြည့်မိကြည့်ရာ စောဦးဆီသို့ လှမ်းကြည့်နေမိသော ဆုသက်ထွေးမှာ မေသော

၏ ကဗျာ မဆန်သော အသံကြီးကြောင့် သိမ့်ခနဲ တုန်လှုပ်ခဲ့ရ၏ ။

'ဒီမှာ မိဆု နင့်ကို ငါပြောမယ်ဆိုတာ တခြားမဟုတ်ပါဘူး. . . အိမ်မှာ မေမေကလဲ မရှိတော့ဘူး. . . ငါကလဲ ကိုကိုနဲ့ အိမ်ထောင်ကျပြီဆိုတော့ နင့်ကို ဒီမှာ ဆက်ထားဖို့ စဉ်းစားစရာ တွေ ဖြစ်လာတယ်လေ. . .'

'ဟင်. . .'

သည်စကားကြားတော့မှ တစ်ကိုယ်လုံး ဆွဲခါပစ်လိုက်သည့်ကဲ့သို့ ဆုသက်ထွေး ခံစား လိုက်ရသည်။

ရုတ်တရက် မျက်ရည်တွေ ဝိုင်းတက်လာသော မျက်လုံးအစုံဖြင့် ဆုသက်ထွေးသည် မေသော် ၏ မျက်နှာကို ကြည့်နေ၏ ။

'ငါ. . . စိတ်တော့မကောင်းပါဘူး မိဆုရယ်. . . ဒါပေမယ့် အခြေအနေက ဒီလို ဖြစ်လာ တယ်လေ. . . ကိုစောဦးရဲ့ ညီမ နှစ် ယောက် ကလဲ ကောလိပ်တက်ဖို့ နယ်ကနေ ဒီကို ရောက်လာ ကြတော့မှာ . . . သူ့ အမေကလဲ ပါလာမှာ ဆိုတော့ နင့်ကို. . .'

'နားလည်ပါတယ် မမ မေသော် . . . နားလည်ပါတယ်. . . ဆုအတွက် ဒီအိမ်မှာ နေရာမရှိ တော့ဘူးလို့ ပြောမလို့မဟုတ်လား. . . ကြီးကြီး မရှိတဲ့နောက် တစ်နေ့ ဒီလို ဖြစ်လာမယ်ဆိုတာ ဆု နားလည်သဘောပေါက်ပြီးသားပါ. . .'

ပါးပြင်နှစ် ဘက်ပေါ် စီးကျလာနေသော မက်ရည်များ ကို လက်ဖမိုးဖြင့် ခပ်ကြမ်းကြမ်း သုတ် ပစ်ရင်း ဆုသက်ထွေးက ပြောလိုက်သည်။

'အေးလေ. . . ညည်း သဘောပေါက်ရင် ပြီးတာပဲ. . . ညည်း အပေါ် မေမေကလဲ တာဝန် ကျေခဲ့တာပဲ. . . ဆယ်တန်းထိအောင် ပညာလဲ သင်ပေးခဲ့ပြီးပြီပဲ. . . ညည်းဘဝ ညည်းကျောင်း တော့ပေါ့. . . ငါ ကတော့ ဆက်တာဝန်မယူနိုင်တော့ဘူးလေ. . . ညည်းအတွက် လည်းတန်းက သီရိမေဘော်ဒါဆောင်မှာ ငါ အခန်း ပြောထားပြီးပြီ. . . ပြောင်းမယ်ဆို ပြောင်းလို့ရပြီ. . .'

'ရပါတယ်. . . ရပါတယ်. . . မနက်ဖြန်ပဲ ထွက်သွားဖို့ ဆု ဆုံးဖြတ်လိုက်ပါပြီ. . .'

ပြောပြောဆိုဆို ဆုသက်ထွေးက သူ့ကြီးကြီး ဒေါ်စိန်ထွေး ဆင်ထားသော ပုလဲတစ်လုံး နားကပ်ကလေးကို ချွတ်ယူလိုက်သည်။

'ဒါက ဘာလုပ်တာလဲ ဆုသက်ထွေး. . .'

'မမ မေသော်မှာ ပေးရ ကမ်းရမယ့် လူတွေ ပေါများ လာပြီ မဟုတ်လား. . . ဒါတွေ ဆု အတွက် မလိုပါဘူး ပြန်ယူထားလိုက်ပါ. . .'

ငါးမူးသား ဆွဲကြိုး တစ်ကုံး. . . ပုလဲလက်စွပ်တစ်ကွင်းနှင့် နားကနားကပ်ကို ချွတ်ကာ ဆု သက်ထွေးက မေသော်ရှေ့က ဆက်တီစားပွဲပေါ်သို့ တင်ပေးလိုက်သည်။

မေသော်က ဘာမှမပြောဘဲ သူ့ကိုသာ စိုက်ကြည့်နေ၏ ။

'ဆုကို ပြောစရာ ဘာကျန်သေးလဲ. . . ဒါ အကုန်ပဲလား မမ မေသော်. . .'

'အေး. . . ဟုတ်တယ်. . .'

ဆုသက်ထွေးသည် ထိုင်ရာက ဆတ်ခနဲ ထပြီး သူ့အခန်းဆီသို့ လျင်မြန်စွာ ထွက်ခဲ့တော့ သည်။

တစ်ကောင်ကြွက် တစ်မျက်နှာဘဝနှင့် လောကကြီးကို ရတ်တရက် ရင်ဆိုင်ရတော့မည် ဆို တော့ ဆုသက်ထွေးမှာ အတော် ပင် ဝမ်းနည်းစိတ်သာ ကြီးစိုးနေ၏ ။

ခုတင်ပေါ်တွင် ကိုယ်ကို မှော က်၍ အိပ်ကာ တအားလည်း ငိုနေမိလိုက်သည်။

'မမဆု. . . မမဆု. . .'

သူ့ ပခုံးကို အေးပုံကလေးက အသာကိုင်ကာ လှုပ်ခေါ်နေ၏ ။

အေးပုံ၏ အသံကလေးမှာ လည်း တုန်အက်၍ နေပါသည်။

'မမဆု. . . မမကြီးလဲ. . . မကောင်းဘူး. . . ဟိုလူကြီးလဲ မကောင်းဘူး. . . အေးပုံ သိတယ်. . .'

'ဟင်. . .'

ဆုသက်ထွေးသည် လူးလဲထပြီး အေးပုံလေး၏ ပခုံးနှစ် ဘက်ကို ကိုင်လိုက်သည်။

'ပြောစမ်း. . . အေးပုံ ပြောစမ်း. . . သူတို့ ဘာမကောင်းတာလဲ. . . အေးပုံ ဘာသိသလဲ. .'

'အေးပုံ. . . ကြားတယ်. . . ဟို ဟိုလူကြီးက မမကြီးကို ပြောတဲ့ စကား. . .'

'ဘာ. . . ဘာတွေ လဲဟင်. . .'

'မင်း ညီမကို ဒီမှာ ဆက်ထားလို့တော့ မ ဖြစ်ဘူးတဲ့. . . မေမေတို့ ညီမလေးတို့နဲ့ ဖြစ်မှာ မဟုတ်ဘူးတဲ့. . . မေမေတို့ကို လကုန် ပြောင်းလာကြဖို့ ကိုကို မှာ ထားပြီးပြီတဲ့. . . မင်း ညီမကိစ္စ မင်း မြန်မြန်ရှင်းထားတော့တဲ့ မမဆုရဲ့. . .'

'သြော်. . . သူက ဒီလို ပြောလိုက်လို့ မမ မေသော် က ငါ့ကို ခေါ်ပြောတာကိုး. . . အေးလေ ကြီးကြီးမရှိတဲ့နောက် ဒီလူကို မမ မေသော် ယူရင် ငါ တစ်နည်းနည်း နဲ့ ဒီအိမ်ပေါ်က ဆင်းပေးရ တော့မယ်ဆိုတာ ငါလဲ သဘောပေါက်မိထားပါတယ်. . .'

'မမဆု. . .'

အေးပုံကလေးက ငိုင်တွေ သွားသော သူ့လက်ကို ဆွဲလှုပ်၍ ခေါ်လိုက်သည်။

'ဘာလဲ. . . အေးပုံ. . .'

'မမဆု ဘယ်ကို ထွက်သွားမလို့လဲဟင်. . .'

'လှည်းတန်းက ဘော်ဒါဆောင်ကိုတဲ့. . . အေးပုံလေးရယ်. . .'

'မမဆု မရှိရင် အေးပုံလဲ မနေချင်တော့ဘူး. . . အေးပုံပါ ခေါ်ပါလားဟင်. . .'

'အေးပုံရယ်. . . မမဆု အေးပုံကိုပါ ခေါ်ချင်ပါတယ်. . . ဒါပေမယ့် လောလောဆယ် မမဆုတောင် ဘယ်လိုလုပ်ရဦးမလဲ မသိသေးတော့ ခက်တယ်ကွယ်. . .'

'အေးပုံ. . . အေးပုံ ကတော့ မမဆုနောက်ကို မလိုက်ရရင် ရွာကို ပြန်မယ်. . . ဒီမှာ တော့ ဆက်မနေချင်ဘူး. . .'

ငိုနေသော အေးပုံကလေးကို ဖက်၍ နှစ် သိမ့်လိုက်ရသည်။

'အေးပုံ. . . ဟဲ့. . . အေးပုံ. . .'

'ဟော. . . အေးပုံ မမသော် ခေါ်နေပြီ. . . မျက်ရည်တွေ သုတ်. . . သုတ် မြန်မြန် သုတ်. .'

အေးပုံကလေးသည် အသံစူးကြီးနှင့် ခေါ်လိုက်သူထံသို့ ပျာနေအောင် ပြေးရှာပါတော့ သည်။

'သြော်. . . အေးပုံ. . . အေးပုံ. . . သူ့ခမျာလဲ ဒုက္ခတစ်မျိုး. . . သားသမီးတွေ တစ်လှေကြီး မွေးထုတ်ထားပြီး မကျွေးမမွေးနိုင်တဲ့ မိဘမျိုးနဲ့ တွေ ့နေရတော့ သူများ အိမ်မှာ နေနေရရှာတယ်. . ငါသာ ပြည့်စုံရင် အေးပုံလေးကို ခေါ်ထားချင်ပါတယ်. . . ခုတော့ ငါ့ တစ်ကိုယ်စာအတွက်တောင် ငါ ဘယ်လို စခန်းဆက်ရဦးမယ် မသိသေးပါလား. . .'

လေးတွဲ စွာ ခုတင်ပေါ်က ဆင်းပြီး ဆုသက်ထွေးသည် သူ့ စဘူးကလေးရှိရာသို့ လျှောက်ခဲ့ သည်။

ကြီးထွေး ရှိနေစဉ်က ချိုးချိုးချန်ချန် စုထားသော စဘူးကလေးကို ခွဲလိုက်တော့ ငါးကျပ်တန် ဆယ်တန်နှင့် အကြွေစေ့ ရှစ်ရာကျော် ရရှိလိုက်သည်။

'ဟင်း. . . တော် သေးတာပေါ့. . . ထင်တာထက် များ နေလို့. . .'

'မမဆု. . .'

'ဟင်. . . ဒီပိုက်ဆံက ဘာလုပ်ဖို့လဲ အေးပုံ. . .'

အေးပုံကလေး ပြန်ရောက်လာပြီး သူ့ရှေ့တိုးပေးလာသော ငွေစက္ကူအထပ်ကို ဆုသက် ထွေးက ကြည့်လိုက်သည်။

'မမကြီးက မမဆုသက်ထွေး ယူသွားဖို့တဲ့ ငါးရာ ပေးလိုက်တယ်. . .'

'ဩော်. . . ဒါပေါ့. . . ငါ့အတွက် မတည်ပေးလိုက် တဲ့ မမ မေသော် ရဲ့ ရောမ စေတနာ ကြီးကိုး အဟင်း. . .'

ဆုသက်ထွေးက အေးပုံ၏ လက်ကလေးကို သူ့ရှေ့မှ တွန်းဖယ်လိုက်သည်။

'ယူလေ မမဆုရဲ့. . . . ယူပါ. . .'

'မယူပါဘူး အေးပုံ ပြန်ပေးလိုက်ပါ. . . ဟောဒီမှာ မမဆု စုထားတာ အများ ကြီးရှိတယ်. . . သူ့ပိုက်ဆံ သူ့ကို ပြန်ပေးလိုက်နော် အေးပုံ. . .'

'မမဆုကလဲ ယူထားတော့ သုံးရတာ ပေါ့. . . အေးပုံဆိုရင် ယူထားလိုက်မှာ ပဲ. . .'

'အေး. . . ဒါဆို အေးပုံ ယူထားလိုက်. . . မမဆုတော့ သူ့ပိုက်ဆံကို မလိုချင်ဘူး. . .'

အေးပုံကလေးက သူ့မျက်လုံးကလေးများ အဝိုင်းသားဖြင့် ကြည့်နေ၏ ။

ဆုသက်ထွေးလည်း အချိန်ဆွဲမနေတော့ဘဲ သွားရမည့် ခရီးတစ်ခုအတွက် သူ့ကိုယ်ပိုင် ပစ္စည်းကလေးများ ကို စုစည်းထုပ်ပိုး သိမ်းဆည်းလိုက်တော့သည်။

♥ ♥ ♥

(၂)

ကြိမ်လက်ဆွဲခြင်းကြီးက တစ်လုံး. . . ပလတ်စတစ် လက်ဆွဲခြင်းက တစ်လုံး. . . အိပ်ရာ လိပ် တစ်ခုနှင့် အဝတ်အစားသေတ္တာတစ်လုံး. . .။

'အင်း. . . ငါ့ပစ္စည်းတွေ ကလဲ မနည်းလှဘူး. . . ဒါတွေ နဲ့ ငါ လိုင်းကား ဘယ်နည်းနဲ့မှ စီးလို့ ဖြစ်မှာ မဟုတ်ဘူး. . . အငှားကားခတော့ ကုန်တော့မှာ ပဲ. . .'

မလှဲ့ မရှောင်သာ ထွက်ရတော့မည့် အငှားကားခအတွက် ရင်ထဲမှာ နမြောတသကြီးစွာ ဖြစ်မိပြီး ဆုသက်ထွေးသည် ငိုင်တွေ သွား၏ ။

အချိန်အတန်ကြာမှ သူ့စိတ်ကို သူ ကြိုး စား ထိန်းချုပ်လိုက်ပြီး. . .

'ဟင်း. . . မတတ်နိုင်ပါဘူးလေ. . . ဒီခရီးက ငါ မသွားလို့မှ မ ဖြစ်တာပဲ. . .'

စိတ်ကို တင်းလိုက်ပြီး အိမ်ရှေ့လမ်းမဆီသို့ ထွက်ကာ ဆိုက္ကားတစ်စီးကို ငှားလိုက်သည်။

သူ့ပစ္စည်း ပစ္စယတွေ က လူ နှစ် ယောက် စာ မကပါ။

ထို့ကြောင့် ပွဲဦးထွက်ကတည်းက ဆိုက္ကားခကို နှစ် ယောက် စာပေး၍ စီးလိုက်ရသည်။

အောင်သပြေလမ်းမှ ကားဂိတ်ဆီသို့ တစ်ဆယ်ပေးလိုက်ရသည်။

'တူမ ကားငှားမလို့လား. . .'

ဆိုက္ကားပေါ်မှ သူ ဆင်းလိုက်သည်နှင့် ဆိုက္ကားဂိတ်အနီးတွင် ထိုးထားသော လေးဘီးယာဉ် မောင်း သမားကြီးက သူ့ကို မေးလာသည်။

'ဟုတ်ကဲ့. . . ဒီကနေ လှည်းတန်းကို ဘယ်လောက်ပေးရမလဲ ဟင်. . .'

'လှည်းတန်း ဘယ်နေရာအထိလဲ. . .'

'လှည်းတန်း ကုန်းနားအထိပါ'

'တရာ့နှစ် ဆယ်. . .'

'ရှင်. . .'

'တရာ့နှစ် ဆယ် ပေးရမယ်လို့ ပြောတာပါ. . .'

'အို. . . များ လိုက်တာ. . .'

'ဟာ. . . မများ ဘူး တူမရဲ့ . . . ဦးက မင်းကို ဈေးဦးမပေါက်သေးလို့ ဒီဈေးပေးနေတာ. . . ဆီဈေးကလဲ ကြီးနေလို့ပါ တူမရဲ့ . . .'

'မြတ်စွာ ဘုရား ဈေးဦးများ ပေါက်ပြီးရင် ဘယ်ဈေးကြီးများ ခေါ်ပါလိမ့်မလဲ. . .'

မျက်စိကို မှိတ်၍ အသက်ကို ပြင်းစွာ ရှိုက်လိုက်မိသည်။

'တူမ များ တယ်ထင်ရင် ဟိုဘက်က ကားတွေ လိုက်မေးကြည့်လိုက်ဦးလေ. . .'

သည်ပစ္စည်းဝန်ထုပ်တွေ ကို ထားပြီး ဟိုဘက် သည်ဘက် ပြေးကူးပြီး ကားလိုက်ငှား နေ၍ လည်း မ ဖြစ်ပါသဖြင့် ဆုသက်ထွေးမှာ မူလ ကားဆရာကြီးကိုပဲ ဈေးနည်းနည်း လျှော့သွားအောင် ကပ်ဆစ်ပြန်သည်။

'ဦးရယ် တရာပဲ ထားလိုက်ပါနော်. . . ခရီးက ဒီလောက်ဝေးတာလဲ မဟုတ်ပါဘူး'

တစ်ကျပ်ခရီးကို ငွေတရာပေး စီးရမှာ ကိုပင် ဆုသက်ထွေးမှာ နမြေမဆုံး ရှိလှသည်။

'ဆီဈေးက ကြီးတယ် တူမရဲ့ . . .'

ကားဆရာကြီးက ဆီဈေးကို ထပ်ပြောလာပါသည်။

'ကျွန်မ သဘောပေါက်ပါတယ် ဦးရယ်. . . ကျွန်မလဲ မတတ်သာလို့ ဆစ်နေတာပါ. . .'

'ကဲ. . . ကဲ မင်းကိုတော့ ဦးလျှော့လျှော့ပေါ့ပေါ့ ပို့ပေးလိုက်တော့မယ်. . .'

ကား ခ နှစ် ဆယ်ကြီးများ တောင် လျှော့ကျသွားပြီမို့ ဆုသက်ထွေးမှာ မောင်မင်းကြီးသား ကြီးကိုပဲ ကျေးဇူးတင်မဆုံး ဖြစ်မိသွားရ၏ ။

အပေးအယူ တည့်သွားသော သွားရသည့် ခရီးကို မိနစ်နှစ် ဆယ်အတွင်း ရောက်ခဲ့ရပါ သည်။

ရောမ စေတနာရှင်ကြီး မမ မေသော် က မိမိအတွက် တစ်လကြိုတင်ငွေပေး၍

အခန်းငှားထားခဲ့သည်မှာ မှန်နေသဖြင့် သည့်လောက် သိတတ်ဖော်ရသော မမ မေသော် ကို ကျေးဇူးတင်ရပြန်ပါသည်။

အဆောင်ပိုင်ရှင်က သူနှင့် တွဲ နေရမည့် မိန်းကလေးနှင့် ဆုသက်ထွေးကို မိတ်ဆက်ပေး သည်။

'ဒါ. . . သမီးနဲ့ တစ်ခန်းတည်း နေရမယ့် မိန်းကလေးပဲ'

'ဟုတ်. . . ဟုတ်ကဲ့ရှင်. . .'

'လာ. . . ကိုယ် မင်းပစ္စည်းတွေ ကို ကူသယ်ပေးမယ်. . .'

အသားအရည် ညိုစိမ့်စိမ့်ကလေးနှင့် ရိုးရိုးယဉ်ယဉ်ရှိလှသော မိန်းကလေးက သူ့ပစ္စည်းများ ကို ကူညီ၍ သယ်ပေးလာသည်။

'ကျေးဇူးတင်ပါတယ်. . .'

'တို့ နာမည် က ယဉ်ယဉ်နွဲ့ပါ. . . ကျေးဇူးတင်စရာ မလိုပါဘူးကွာ. . . အတူတူနေဖို့ ကံဆုံ လာကြမှ ညီအစ်မတွေ လိုပေါ့. . . မဟုတ်ဘူးလား. . .'

'ဟုတ်ပါတယ် ဆုသက်. . . ဒီက မမနဲ့ တွေ့ရတာ ဝမ်းသာပါတယ်. . .'

'မင်း နာမည် ကကော ဘယ်လိုခေါ်လဲဟင်. . .'

'ဆုသက်ထွေးပါ. . .'

'မင်းက နာမည် လေးလဲ လှတယ်. . . လူလေးကလဲ သိပ်လှတာပဲ. . .'

'ဆု ဘဝ မလှတာ ရှင်မှ မသိဘဲကို မယဉ်ယဉ်နွဲ့ရယ်. . .'

ဆုသက်ထွေးက ယဉ်ယဉ်နွဲ့၏ နံဘေးမှ ကပ်၍ လျှောက်ရင်းက ကျိတ်၍ ဝမ်းနည်းစွာ ပြောလိုက်မိသည်။

'ဒါ မင်းနဲ့ တို့ အခန်းပဲလေ. . . နံပါတ် ကတော့ တစ်ဆယ့်သုံးဆိုတော့ အနောက်တိုင်းသား အယူမှာ တော့ လာဘ်မကောင်းဘူးပေါ့ကွာ. . . ဒါပေမယ့် တို့ ကတော့

ဒါတွေ မယုံပါဘူး. . . အဟင်း ဟင်း. . . ဟင်း. . .'

သူ့စကားသူ သဘောကျမိဟန်နှင့် ရယ်မောပြီး ယဉ်ယဉ်နွဲ့က တံခါးသော့ကို ဖွင့်လိုက်ပါ သည်။

ဟင်းလင်းပွင့်သွားသော တံခါးမှ အတွင်း းက မြင်ကွင်းကို ဆုသက်ထွေး တွေ့လိုက်ရသည်။

အတော် အတန်ကျယ်ဝန်းသော အခန်းတစ်ခန်းထဲတွင် ခုတင်နှစ် လုံး စားပွဲနှင့် ကုလား ထိုင်နှစ် လုံး ရှိနေသည်။

လူ တစ်ယောက် ၏ အသုံးအဆောင်နှင့် စားသောက်ဖွယ်ရာများ စားပွဲပေါ်တွင် သေသပ်စွာ ရှိနေသည်ကဲ့သို့ တစ်ခုသော ခုတင်မှာ လည်း သန့်ပြန့်သော မွေ့ရာ ခြင်ထောင် ခေါင်းအုံးအခင်းတို့ ဖြင့် ရှိနေပါသည်။

'ဒီအခန်းက အရှေ့နေရတယ်. . . လေလဲဝင်ပါတယ်. . . ဒါပေမယ့် တို့ကလွဲလို့တော့ သိပ်မမြဲကြဘူး. . . တခြားအခန်းလွတ်တာနဲ့ ပြောင်းသွား ကြတယ်လေ. . . အယူသီးသူတွေ က အခန်းနံပါတ်ကို ကြောက်ကြလို့တဲ့ကွာ. . . မင်းကကော ဆုသက်ထွေး. . .'

'ဘဝအတွက် နားခိုစရာ အရိပ်ကလေးတစ်ခု သိပ်လိုအပ်နေလို့ ဘာကိုမှ အယူမသီးနိုင်ပါ ဘူး မယဉ်ယဉ်နွဲ့ရယ်. . .'

'မင်း အဖြေကို တို့ သိပ်သဘောကျသွားပြီ. . . ဒါနဲ့ တို့ကို မယဉ်ယဉ်နဲ့နွဲ့. . . မယဉ်ယဉ်နွဲ့ လို့ ခေါ်ရတာ ပင်ပန်းစရာ ဖြစ်နေပါ့မယ်. . . ယဉ်ယဉ်လို့ ခေါ်လဲရပါတယ်. . . နေဦး တို့ အသက်က နှစ် ဆယ့်လေးနှစ် . . . မင်း ကတော့ တို့ထက်ငယ်မယ့်ပုံပဲ. . .'

'ဆု အသက်က နှစ် ဆယ်ထဲမှာ ပါ မမယဉ်. . .'

'အဟင်း. . . မင်းက ဦးသွားပြီ. . . တို့ကို မမယဉ်လို့ပဲ ခေါ်နော်. . .'

'ဟုတ်ကဲ့. . . မမယဉ်. . .'

'ဒီခုတင်က အထူး သန့်ရှင်းရေး လုပ်စရာမလိုပါဘူး. . . တို့က ဒီအခန်းထဲ တို့

တစ်ယောက် ထဲ နေတာဆိုတော့ တစ်ခန်းလုံးကိုပဲ အမြဲသန့်ရှင်းတောင်ပြောင်နေအောင် ထားပါတယ်. . .'

တကယ်လည်းပဲ ကြမ်းပြင်နှင့် အခန်းတစ်ခုလုံးက သန့်ရှင်းသပ်ရပ်နေပါသည်။

နဂိုကတည်းက သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်း အမြဲနေလာခဲ့သော ဆုသက်ထွေးအဖို့ ဝမ်းစာစရာ ဖြစ်ခဲ့ရပါသည်။

သဘောကောင်းသော ယဉ်ယဉ်နွဲ့က သူ့ အိပ်ရာလိပ်ကို ဖြည့်ပြီး ခုတင်ကိုပါ အကျအန ခင်းပေးလာသည်။

'အားနာပါတယ်. . . မမယဉ်ရယ်. . .'

'ဟော. . . ပြောပြန်ပြီ. . . တို့က ညီအစ်မတွေ လိုပဲလို့ ပြောခဲ့ပြီ မဟုတ်လား. . .'

'အင်း. . . ဟုတ်တယ်. . .ဟုတ်တယ်. . . ဆုသက် မေ့သွားလို့. . .'

'ကဲ. . . မေ့တာ အသာထားဦး. . အရေး ကြီးကတာ မေးရဦးမယ်. . . ထမင်းဟင်းကို ဒီမှာ ပဲ ချက်စားမှာ လား. . . အပြင်မှာ ဝယ်စားမှာ လား. . . တို့ ကတော့ အဆောင်မှာ ပဲ ချက်စား တယ်. . .'

'အင်း. . . ဆုသက် ကတော့လောလောဆယ် ဝယ်ပဲ စားရမယ့် အခြေအနေ ဖြစ်နေပါတယ်၊ မမယဉ. . . ဆုသက်အလုပ်တစ်ခုခုရပြီးရင်တော့ ချက်စားဖို့ စိတ်ကူးတယ်. . .'

'ဟင်. . . ဆုသက်ထွေးက ကျောင်းတစ်ခုခု တက်မှာ မှတ်လို့ မဟုတ်ဘူးလား'

'ဆုသက် ဝဋ္ဋာနဲ့ ဆယ်တန်းတော့ အောင်ထားပါတယ်. . . ဒါပေမယ့် ကျောင်းတက်ဖို့ထက် ကိုယ့်ဝမ်းကိုယ်ကျောင်းဖို့ ကိစ္စက အရေး ကြီးနေပါတယ်. . . မမယဉ်ရယ်. . .'

'သြော်. . .'

ယဉ်ယဉ်နွဲ့က ဆုသက်ထွေးကို အကြင်နာလွှမ်းဖုံးသော မျက်ဝန်းများ ဖြင့်

လုပ်းကြည့်နေ ၏ ။

‘စိတ်မဆိုးနဲ့နော်. . . မမယဉ်ကကော ဘာလုပ်သလဲဟင်. . .’

‘မမယဉ်က လေကြောင်းပို့ဆောင်ရေး ပျံသန်းရေး ဌာနမှာ လုပ်တယ်. . . ဒီနေ့ တို့ရက်အား ရတယ်လေ. . . ဒါကြောင့် ဆု တို့ကို တွေ့ရတာ . . .’

‘အဲဒီ ဌာနမှာ အလုပ်များ ဆုသက်အတွက် ရနိုင်မလား ဟင်. . .’

‘အင်း. . . လောလောဆယ်မှာ တော့ တို့ဆီမှာ လူမခေါ်သေးဘူး ဆုသက်ရယ်. . .’

‘ဟင်း. . . စိတ်ညစ်ပါတယ်. . . ဆုသက် ကိုယ့်ဝမ်းကိုယ်ကျောင်းဖို့ အလုပ်တစ်ခုခု လုပ်ရ မယ်. . . ဘယ်သူနဲ့ ဆက်သွယ်ရမလဲ. . . ဆုသက် မသိဘူး မမယဉ်ရယ်. . .’

‘စိတ်မညစ်ပါနဲ့ကွာ တစ်ခုခုတော့ အဆင်ပြေသွားမှာ ပါ. . . တို့လဲ လက်လှမ်းမီတဲ့ နေရာ တွေ မှာ ဆုသက်အတွက် အလုပ်ရှာပေးပါ့မယ်. . . အေးတို့ဆီမှာ လေယာဉ်မယ်တွေ ခေါ်ရင်လဲ အကောင်းသား. . . ဆုသက် ရုပ်ရည်လေးနဲ့ဆိုရင် ရနိုင်တယ်. . .’

‘မခေါ်သေးဘူးလား ဟင်. . . မမယဉ်. . .’

ဆုသက်ထွေး မျှော်လင့်ချက်ကြီးစွာ ဖြင့် မေးလိုက်သည်။

‘ခေါ်သွားတာ မကြာသေးဘူး. . . ဒါပေမယ့် စိတ်မလျှော့နဲ့ မကြာ မကြာ ထပ်ခေါ်တတ် တယ်. . . ခေါ်တဲ့အခါ ဝင်လျှောက်ပေါ့. . .’

ဆုသက်ထွေး ခင်းပြီးသွားသော သူ့ ခုတင်စွန်းကလေးတွင် ထိုင်ကာ မျက်နှာကလေး ညှိုး ကျ၍ ငိုင်တွေ သွား၏ ။

‘ဆုသက်. . . တို့ ဆုသက်ကို မြင်မြင်ချင်း ခင်မင်မိတယ်. . . ဆုသက်ရဲ့ ကိုယ်ရေး ကိုယ် တာ ကိစ္စကို တို့ မသိချင်ဘူး. . . ဒါပေမယ့် တို့ ခင်မင်မိတဲ့ ဆုသက်ကို တို့ သတိပေး စကားတော့ ကြိုတင်ပြောထားချင်တယ်. . . အဲဒါ ဘာလဲဆိုတော့ ဒီအဆောင်မှာ နေတဲ့ မိန်းကလေးတွေ ဟာ ကိုယ့်ဘဝ ကိုယ့်အကြောင်းတွေ နဲ့ ရောက်လာပြီး နေကြသူတွေ ချည်းပဲ.

. . လူအမျိုးမျိုးရှိသလို အကျင့် ဗီဇ အမျိုးမျိုး ရှိသူတွေ လဲ ပါတယ် . . . ဣန္ဒြေသိက္ခာရှိရှိနေသူတွေ ရှိသလို သိက္ခာမဲ့ ပေါ့ ပျက်ပျက် နေသူတွေ လဲ ရှိတယ် . . . ဆုသက် နေတတ်ဖို့ လိုတယ်လို့ တို့ သတိပေးတာပါ . . .'

'ဟုတ် . . . ဟုတ်ကဲ့ ခုလို သတိပေးတာကို ဆုသက် ကျေးဇူးတင်ပါတယ် မမယဉ် . . .'

'ကဲ . . . ဆုသက် လုပ်စရာရှိတာလုပ် တို့အဆောင်ပိုင်ရှင်ရဲ့ သမီးအတွက် အင်္ကျီချုပ်ပေး မယ်လို့ ပြောထားတာ သွားယူလိုက်ဦးမယ် . . .'

'ဟုတ်ကဲ့ မမယဉ် . . .'

ယဉ်ယဉ်နွဲ့သည် အခန်းထဲက ထွက်သွားပြီး တံခါးနှစ် ချပ်ကို ပြန်စေ့သွားခဲ့သည်။

ဆုသက်ထွေးလည်း ရင်တွင် တင်းကျပ်လှိုက်မောလွန်းလှသဖြင့် ခုတင်ပေါ်သို့သာ လှဲချလိုက်သည်။

'အင်း . . . မမယဉ် ပြောတာ ဟုတ်တယ် . . . မတစ်ထောင်သား လူအမျိုးမျိုး စိတ်အထွေ ထွေနဲ့ ငါ တွေ့ဆုံဆက်ဆံရတော့မှာ ပါလား . . . မမ မေသော် ငါ့ကို သိပ်ရက်စက်တယ် . . .'

မေသော်ဇင်ထံသို့ အတွေးများ ရောက်ရှိသွားသည်။

'မမ မေသော် . . . မမ မေသော် ကိုစောဦးကြောင့် ဒုက္ခမရောက်ပါစေနဲ့လို့ ဆုသက် ဆုတောင်းပါတယ် . . . အင်း . . . တစ်နည်းအားဖြင့် စဉ်းစားကြည့်တော့လဲ ကိုစောဦးလို ကျားစဉ်း လဲ တကောင်လို လူမျိုးနဲ့ တစ်အိမ်တည်း တစ်မိုးတည်းအောက်မနေတာလဲ ကောင်းပါတယ် . . .'

မေသော်ဇင်၏ နောက်ကွယ်များ တွင် သူ့ထံသို့ စူးရှနက်ရှိုင်းစွာ ကျရောက်တတ်သော စောဦး၏ တောက်ပြောင်နေသော မျက်လုံးများ ကို မြင်ယောင်မိကာ

ဆုသက်ထွေး ကြက်သီးများ ဖြန်းခနဲ ထသွားမိသည်။

♥ ♥ ♥

(၃)

'ဟယ်တော့. . . မချောလေးက အိပ်ပျော်နေတာကိုး. . .'

ယဉ်ယဉ်နွဲ့၏ အသံကြောင့် ဆုသက်ထွေး အိပ်ပျော်နေရာမှ နိုးခဲ့ပါသည်။

'အင်း. . . ဟုတ်ပါရဲ့ ဆုသက် အိပ်ပျော်သွားလိုက်တာ အရမ်းပဲနော်. . . ခု ဘယ်နှစ် နာရီ ရှိပြီလဲ မသိဘူး. . .'

'တစ်နာရီကြီးများ တောင် ထိုးနေပြီ. . . မင်း ထမင်းမဆာသေးဘူးလားဟင်. . .'

'အင်း. . . ခု မမယဉ်ပြောမှပဲ ဆာသလိုလို ဖြစ်လာတော့တယ်. . . ဒါနဲ့ ဒီအနီးအနား တဝိုက်မှာ တဝိုက်မှာ ဘယ်ထမင်းဆိုင်ကောင်းသလဲဟင် မမယဉ်. . .'

'နေလဲ တအားပူနေပါပြီ. . . ညစာမှပဲ သွားစားတော့ ကောင်းတဲ့ ဆိုင် မမယဉ်ကိုယ်တိုင် လိုက်ပို့ပေးမယ်. . . ခု မနက်တော့ မမယဉ်ချက်ထားတာပဲ စားလိုက်တော့. . .'

'အို. . . အားနာပါတယ်. . .'

'အားမနာနဲ့ ပိုလို့ ကျွေးတာ. . . မပိုရင် မကျွေးဘူး. . . မမယဉ်က စားပြီးပြီလေ. . . နေဦး နော်. . . ပန်းကန်ထဲ သွားပုံလာခဲ့မယ်. . .'

ဆုသက်ထွေးတစ်ယောက် ဘာတစ်ခွန်းမျှမပြောနိုင်ခင်တွင် သွက်လက်ဖျတ်လတ်လှ သော ယဉ်ယဉ်နွဲ့သည် အခန်းအတွင်း းမှ ပြန်လည်ထွက်ခွာ သွားပါ၏ ။

'အင်း. . . မမ မေသော်ရဲ့ မင်္ဂလာဆောင် အတွက် တစ်လလုံးလုံး အိပ်ရေး ပျက် ပင်ပန်းခဲ့ရ သမျှ ဒီနေ့မှပဲ ငါ့မှာ အိပ်ရေး ဝဝ အိပ်ရတော့တယ်. . .'

သူ့ လက်ဆွဲခြင်းကလေးထဲက ရေဘူး. . . ရေခွက်များ ကို ထုတ်ယူနေစဉ် ယဉ်ယဉ်နွဲ့ လည်း လင်ပန်းကလေးတစ်ချပ်မပြီး သူ့အခန်းထဲသို့ ဝင်ရောက်လာ၏ ။

'စောစော ကတော့ ပုံလာခဲ့မလို့ပဲ အဆောင်ပိုင်ရှင် မမအေးကြီးက ခရမ်းချဉ်သီး ငါးပိချက် နဲ့ သရက်သီးအကင်းလေးတွေ ပေးလိုက်တာနဲ့ လင်ပန်းနဲ့ပဲ အားလုံးကို ထည့်ယူလာလိုက်တော့ တယ်. . . ကဲ စားပေတော့ အားရပါးရ. . .'

'ကျေးဇူးပါပဲ မမယဉ်. . .'

အစာကို မြင်ကာမှ ဝမ်းထဲ ပိုပြီး ပူတက်လာသဖြင့် ဆုသက်ထွေးကလည်း ထမင်း ဟင်းလျာ လင်ပန်းကို ယဉ်ယဉ်နွဲ့၏ လက်မှ လျှင်မြန်စွာ ယူလိုက်မိသည်။

'အကြမ်းသောက်မလား မမယဉ် ဖောက်လိုက်မယ်. . .'

'ဟုတ်ကဲ့. . .'

ယဉ်ယဉ်နွဲ့က စားပွဲပေါ်တွင် တင်ထားသော ခရားလေး၏ အဖုံးကို ဖွင့်ကာ ဓာတ်ဘူးထဲက ရေနွေးဖြင့် အကြမ်းတစ်အိုး ဖောက်ယူလိုက်သည်။

'မမယဉ်. . .'

'ဆို. . .'

'ညနေကျရင် ဆုနဲ့ လိုက်ခဲ့ပါနော်. . . ရေချိုးဖို့ရေဖလားတို့ ဆပ်ပြာခွက်တို့ သွားတိုက် ဆေးတို့ ဝယ်ချင်လို့. . .'

'လိုက်မှာ ပါ မမယဉ်လဲ ဝယ်စရာလေးတွေ ရှိနေတယ်. . .'

'အင်း. . . ဆုသက်ကို ဘုရားမတာပဲ. . . ဆုသက်လေ. . . ခုလို တစ်ယောက် တည်း နေရ မယ့် အားကိုးရာမဲ့ ဘဝကိုတွေ းပြီး ညတုန်းက ငိုလဲငိုမိတယ်. . . အားလဲ

သိပ်ငယ်မိခဲ့တယ်. . . ခု သဘောကောင်းတဲ့ မမယဉ်နဲ့ ဆုံတွေ့လိုက်ရလို့ ဒီစိတ်တွေ ပြေသွားပြီသိလား. . .'

ယဉ်ယဉ်နွဲ့က သူ့ကို ကြည့်ကာ ခေါင်းကလေး တညိတ်ညိတ်လုပ်နေသည်။

'မမယဉ်. . .'

'ပြောပါ ဆုသက်. . . မမယဉ် နားထောင်နေပါတယ်. . .'

'ဆုသက်ကို ခင်ပါနော်. . . ညီမလေး တစ်ယောက် လိုလဲ သဘောထားပါ. . . မလိမ္မာတာ ရှိရင်လဲ ဆုံးမနိုင်ပါတယ်. . .'

'အေးပါကွယ်. . . ဆုသက် ထမင်း ထပ်ယူဦးလေ. . .'

'တော် ပြီ. . . မမယဉ်. . . ဒါ ဆုသက် အများ ကြီးကို စားပစ်လိုက်တာပါ. . . မမယဉ် စေတ နာကောင်းလို့လား မသိဘူး ဆုသက် မြိန်လိုက်တာ အရမ်းပဲ. . .'

'ဆုသက် သိပ်ဆာနေလို့ နေမှာ ပါ. . .'

'အင်း. . . အဲဒါတော့ ဟုတ်တယ်. . . မမ မေသော် ရဲ့ မင်္ဂလာမ ဖြစ်ခင်ကနေ ဖြစ်မြောက် သွားတဲ့အချိန်အထိ ဆုုသက်မှာ ထမင်းရယ် ဟင်းရယ်လို့လဲ အစားရ မမှန်ခဲ့ဘူး. . . အိပ်ချိန်ဆို တာလဲ ကျိန်တွယ်မပြောရရုံတစ်မည် ပဲ ပြောရမယ်. . . ဆုသက် ပင်ပန်းလိုက်တာ မမယဉ်ရယ်. . .'

ယဉ်ယဉ်နွဲ့သည် သူများ အကြောင်း မစပ်စုတတ်သူမို့ ဆုသက်ထွေး ပြောသမျှကိုသာ ခေါင်းတညိတ်ညိတ်လုပ်နေ၏ ။

'အဟင်း. . . ဟင်း. . . မမ မေသော် က သိပ်အကြံကြီးတယ်. . . သူ့မင်္ဂလာဆောင်လဲပြီး ရော ဆုသက်ကို ပထုတ်တော့တာပဲ. . . ဒီအဆောင်ကို ဘယ်တုန်းကများ ဆုသက်အတွက် သူ ငှားလိုက်သလဲ မသိဘူး. . . အတော် လဲ တတ်နိုင်တဲ့ မမ မေသော် ပဲ'

'ဒီလို အဆောင်လေးနေခွင့်ရအောင် လုပ်ပေးတာကိုပဲ မင်းက

ကျေးရူးတင်လိုက်ပေ့ါ ဆုသကဲ့ရယ်. . .’

‘တင်ပါတယ်. . . ဆုသက်. . . ကျေးရူးတင်ပါတယ်. . . ဆုသက်ကလဲ သူ့ယောက်
ားကို ကြည့်လို့မရတော့ ခုလို ထွက်လာရတာ ပဲ. . . ကျေးရူးတင်စရာ ဖြစ်နေရတယ်လေ. . .
အင်း. . . ဆောရီးပဲ မမယဉ်. . . ဆုသက်က ကိုယ်ပြောချင်ရာတွေ လျှောက်ပြောနေတာ
မမယဉ် စိတ်ဝင်စားမှန်း မသိ. . . မဝင်စားမှန်း မသိ. . .’

‘မမယဉ် ကတော့ သူများ ကိစ္စ သူများ အကြောင်း စိတ်ဝင်စားမှု ဘယ်တော့မှ
မရှိတာ အမှန် ပဲ. . . ဒါပေမယ့် ဆုသက် စိတ်ပြေရာ ပြေကြောင်း. . . ရင်ထဲမှာ လျော့
သွားပါစေဆိုပြီး နားထောင် နေတာကွယ့်. . .’

‘မမယဉ်ကို ဆုသက် ကြိုက်သွားပြီ. . .’

‘သိပ်ကြိုက်သွားလို့ မ ဖြစ်ဘူးကွယ့်. . .’

‘ဟင်. . . ဘာ ဖြစ်လို့လဲ. . .’

ဆုသက်ထွေးက ယဉ်ယဉ်နွဲ့ကို ချစ်စရာ့ မျက်လုံးကလေးများ ပြူး ဝိုင်းစွာ ဖြင့်
ကြည့်ကာ မေးလိုက်သည်။

‘အကြိုက်ချင်းတူနေရင် ဆုသက်နဲ့ ရန်သူ ဖြစ်သွားမှာ ပေ့ါ. . .’

‘သူ. . . သူ ဟုတ်လား. . . ဘယ်က သူလဲ. . .’

‘မမယဉ်ရဲ့ မူလ လက်ဟောင်း ချစ်သူကြီးကို ပြောတာလေ. . .’

‘ဟယ်. . . မမယဉ်မှာ ရှိနေတယ်. . . ဟုတ်လား. . .’

‘အင်းပေ့ါ. . . ဒီအရွယ်ကြီးရှိမှတော့ ချစ်သူလဲ ရှိပြီပေ့ါ ဆုသက်ရဲ့. . .’

‘အင်း. . . ဟုတ်သားပဲ. . .’

‘ကြည့်စမ်း. . . ကောင်မလေး. . . တကယ် ယုံသွားတယ်တော့. . .’

‘အို. . . မမယဉ် ပြောတာကလဲ တကယ်ပဲ မဟုတ်လားလို့. . .’

'ဆုသက်ကို အလကား စတာပါကွယ်. . . မမယဉ်မှာ ရည်းစားဝေးလို့ ဆီးပြားတောင် စားစရာ မရှိပါဘူး. . . မမယဉ်က တစ်ကိုယ်ရေ တစ်ကာယ နေရတာ ကိုပဲ ကြိုက်တယ်. . . အပူ မရှာချင်ဘူးလေ. . .'

'ဟုတ်တယ်. . . ဆုသက်လဲ အဲသလိုနေတာ ကြိုက်တယ်. . .'

'ကောင်မလေးနော်. . . ဟုတ်မှပြော. . . တော် ကြာ အပြောကြီးပြီးမှ ကြိုက်တဲ့လူတွေ ့လာ ရင် မဟာဒုက္ခ ဖြစ်နေမယ်. . .'

'ဆုသက်. . . ကိုယ့်စိတ်ကို ကိုယ်နိုင်ပါတယ် မမယဉ်ရဲ့ . . .'

'အေးလေ. . . မျက်စိကြီး တောက်ထော်ကပြီး ကြည့်လိုက်ပါဦးမယ်. . .'

သဘောမနောကောင်းလှသော ယဉ်ယဉ်နွဲ့နှင့် တစ်ခန်းတည်းအတူနေရသည်ကို ဆုသက် ထွေးမှာ ကျေနပ်အားရမဆုံး ဖြစ်နေမိ၏ ။

ညနေချမ်းသို့ ရောက်သည့်အခါတွင် နှစ် ယောက် သား ရေမိုးချိုး အဝတ်အစားလဲလှယ်ပြီး ဈေးဘက်သို့ ထွက်ခဲ့ကြသည်။

သူလဲ လိုချင်တာဝယ်. . . ကိုယ်လဲ လိုချင်တာတွေ ဝယ်ပြီး ထမင်းဆိုင်ကောင်းကောင်းရှိ ရာသို့ လျှောက်လာကြစဉ် သူတို့နှင့် မနီးမဝေးဆီသို့ အက်စ်အီး ကားဖြူလေးတစ်စီး ထိုးဆိုက် လိုက်ပြီး ကားနောက်ခန်းမှ မိန်းကလေး တစ်ယောက် ရှေ့ခန်းမှ မိန်းကလေး တစ်ယောက် ပြုံးရွှင် ရယ်မောစွာ ဖြင့် ဆင်းလာကြ၏ ။

'ဟော. . . ဟော. . . အဲဒီ မိန်းကလေးနှစ် ယောက် ကို ကြည့်ထား. . . ကြည့်ထား ဆုသက်'

'သူတို့တွေ က ဘယ်သူတွေ လဲဟင်. . . ချစ်စရာလေးတွေ နော်. . .'

'ချစ်စရာ ကောင်းသလို ကြောက်စရာလဲ ကောင်းတယ်. . .'

'ဘယ်လို ကြောက်စရာကောင်းတာလဲ ဟင်. . .'

‘သူများ အကြောင်း မပြောတတ်ဘူးဆိုပေမယ့် ဆုသက်ကို မမယဉ် ညီမလေး တစ်ယောက် လို ချစ်ခင်လာမိလို့ သတိပေးရဦးမယ်. . . သူတို့နှစ် ယောက် နည်းမည် က လဲ့လဲ့နဲ့ ရွှေရည်ဝင်းတဲ့၊ မမယဉ်တို့နဲ့ ကပ်လျက် အခန်းမှာ နေတာလေ. . . မီနီမားကက် တစ်ခုက အရောင် းစာရေး မ ကလေးတွေ ပေ့ါ. . . ရုပ်ကလေးတွေ ကလဲ ချစ်စရာကောင်းတယ်. . . သဘော သကာယလေး တွေ ကလဲ ကောင်းပါတယ်. . . ဒါပေမယ့် ကိုယ့်ကိုယ်ကို တန်ဖိုးထားရမှန်း မသိတတ်ပဲ. . . ရည်းစားတွေ မှုိလိုပေါက်အောင် ထားကြတယ်လေ. . . သူတို့နဲ့ တွဲ မိရင်. . . တွဲ တဲ့ မိန်းကလေးလဲ သူတို့လို ဖြစ်သွားရောကွယ့်. . . မိန်းမဘဝဆိုတာ သတိထားကာမှ တန်ကာကျတာ. . . တစ်ချက် ကလေးမှာ းမိရင် တစ်သက် ရင်နာလို့မဆုံးနိုင်အောင် အ ဖြစ်မျိုး ဖြစ်ရတတ်တယ် ဆုသက်. . .’

‘ဟုတ်. . . ဟုတ်ပါတယ် မမယဉ်. . .’

‘ကိုယ်နဲ့ တစ်ဆောင်တည်း နေကြသူတွေ ဆိုတော့ ပြော ခေါ် ထူးတော့ ရှိရမှာ ပေ့ါ. . . ဒါပေမယ့် ကိုယ်ပေါင်းစိတ်ခွာတော့ နေရတတ်ရမယ်. . .’

‘ဟုတ်ကဲ့ပါ မမယဉ်. . .’

‘ဟာ. . . မမယဉ်ကြီး ဒါ ဘယ်ကိုလဲ. . .’

မျက်နှာချင်းဆိုင်က လျှောက်လာကြသည်မို့ ရွှေရည်ဝင်းတို့ နှစ် ယောက် နှင့် ယဉ်ယဉ်နွဲ့တို့ နှစ် ယောက် ဆုံမိသွားကြသည်။

‘ဒီနားတင်ပဲ. . . ဒီနေ့ အဆောင်ကို ရောက်လာတဲ့ဟောဒီမိန်းကလေးကို ထမင်းဆိုင် လိုက်ပို့ပေးတာလေ. . .’

‘သူက မမယဉ်နဲ့ နေမှာ လား ဟင်. . .’

‘ဟုတ်တယ်. . . ရွှေရည်ဝင်း. . . သူ့နာမည် က ဆုသက်ထွေးတဲ့ မမယဉ်ရဲ့ အခန်းဖော်ပေ့ါ’

‘ဟယ်. . . နာမည် လေးကလဲ သိပ်လှ. . . လူလေးကလဲ သိပ်လှတာပဲ. . .’

'အေး...ဟုတ်တယ်...'

ရှေ့တွင် ပေါ်တင်ထားပြီး ပြောနေသဖြင့် ဆုသက်ထွေး အရှက်ပိုမိကာ မျက်နှာဝင်းဝင်း ကလေးသည် ရဲလို့လာ၏ ။

'ဟော...ရှက်သွားပြီ...မရှက်ပါနဲ့ကွာ...တို့တွေ က ခင်တတ်ပါတယ်... တို့နာမည် က လဲ့လဲ့...သူက ရွှေရည်ဝင်း မှတ်ထားနော်...တို့က ဆုသက်ထွေးနဲ့ အခန်းချင်း ကပ်လျက် နံပါတ် တစ်ဆယ့်လေးမှာ နေကြတာ...'

'ဟုတ်...ဟုတ်ကဲ့...'

'သွားမယ်...ညကျမှ တွေ့ကြတာပေါ့...'

'ဟုတ်ကဲ့...'

ရွှေရည်ဝင်းတို့နှစ် ယောက် ထွက်သွားကြပြီးမို့ ဆုသက်ထွေးတို့လည်း ရှေ့သို့ဆက်လျှောက် ခဲ့ကြသည်။

'အလှအပကို မက်မောလွန်း ရင်လဲ ဒုက္ခတွေ ့ရတတ်တယ်...ကိုယ့် လစာလေးနဲ့ ကိုယ် သပ်သပ်ခက်ခက် ဝတ်နိုင်စားနိုင်ပါရက်နဲ့...အတိုင်းထက် အလွန် လှချင် ဝါချင် ကြွားချင်ရင် ဒုက္ခ တွေ ့ရတတ်တယ်...ဒါတွေ ကို သတိထားတတ်ရမယ်...'

'ဟုတ်ကဲ့ပါ...မမယဉ်...'

'အင်း...မမယဉ် ဒါတွေ လျှောက်ပြောနေလို့ ဆုသက်များ စိတ်ပျက်သွားလေမလား မသိ ဘူး...'

'အို...စိတ်မပျက်ပါဘူး...ကျေးဇူးတောင်တင်ပါသေးတယ်...မမယဉ်ရယ်...'

ယဉ်ယဉ်နွဲ့က ကျေနပ်အားဟန်ဖြင့် ပြုံး ပြီး ထမင်းဆိုင်တစ်ခုဆီသို့ လက်ညှိုး ထိုးပြလိုက် သည်။

'အဲဒီ ထမင်းဆိုင်ပေါ့...'ကောင်း' ဆိုတဲ့ နာမည် နဲ့ လိုက်တောင်း

ကောင်းတယ်ဆိုတာ လေ. . .'

နှစ် ယောက် သား 'ကောင်း' မြန်မာ ထမင်းဆိုင်ထဲသို့ ဝင်လိုက်ကြသည်။

ငါးကြီးခုတ်သား ဆီပြန်၊ ချဉ်ရည်ဟင်း. . . ငါးပိတို့စရာဟင်းမျိုးစုံနှင့် နှစ် ယောက် သား စားလိုက်ကြသည်။

ထမင်းစားသောက်ပြီး အအေး တစ်ယောက် တစ်ခွက်သောက်ပြီးတော့မှ ဖြည်းဆေးစွာ အဆောင်ဆီသို့ ပြန်လျှောက်ခဲ့ကြသည်။

'မနက်ဖြန် မမယဉ် ဂျူတီ ဝင်ရမှာ နော်. . .'

'ဟုတ်တယ်. . . ဆုသက်. . .'

'ဆုသက်တော့ ပျင်းနေတော့မှာ ပဲ. . .'

'အပျင်းပြေ ဝတ္ထုစာအုပ်တွေ မဂ္ဂဇင်းတွေ ဖတ်နေလေ. . . မမယဉ်မှာ ရှိတယ်. . ထုတ်ပေး ခဲ့မယ်. . .'

'ကျေးဇူးပဲ. . .'

♥ ♥ ♥

(၄)

ယနေ့ညတွင် အဆောင်သို့ရောက်လာသော မျက်နှာသစ်အဆောင်သူကလေး ဆုသက် ထွေးကို မိတ်ဖွဲ့လာကြသူတွေ ဝိုင်းဝိုင်းလည်နေ၏ ။

သူတို့အထဲတွင် အခန်းချင်း ကပ်လျက်က ရွှေရည်ဝင်းနှင့် လဲ့လဲ့တို့လည်း ပါနေ၏ ။

ဟိုတစ်ခွန်း သည်တစ်ခွန်း မေးကြ ပြောကြရင်းက ဆုသက်ထွေးမှာ အလုပ်အကိုင် မရှိ သေးကြောင်း. . . ရရာအလုပ်ကို ဝင်လုပ်ချင်ကြောင်း. . . သူတို့နှစ် ယောက် သိရှိသွားကြသည်။

လူရှင်းသွားတော့မှ ရွှေရည်ဝင်းက ဆုသက်ထွေး၏ အနီးသို့ကပ်ကာ. . .

'လူတွေ က များ နေလို့ ရွှေရည်မပြောတာ. . . ဆုသက်စိတ်ဝင်စားမယ်ဆိုရင် အလုပ်တစ်ခု ရှိနေတယ်. . .'

'ဟင်. . . ဟုတ်လား. . . ဘာအလုပ်လဲဟင်. . . ရွှေရည်. . .'

ဆုသက်ထွေးက အားတက်သရော မေးလိုက်ပါသည်။

'အရောင် းစာရေး မပဲပေါ့. . .'

'အလုပ်က ဘယ်မှာ လဲ ရွှေရည်. . .'

ယဉ်ယဉ်နွဲ့ ဝင်မေးလိုက်သည်။

'ရွှေရည်တို့ လပ်ကီးစတား မီနီမားကက်မှာ ပဲပေါ့. . . မမယဉ်ကြီးရဲ့ အေမီဆိုတဲ့ မိန်း ကလေး မန္တလေးပြန်သွားလို့ လစ်လပ်နေတာလေ. . . ဆုသက် စိတ်ဝင်စားရင် ဆိုင်ရှင်ကို ရွှေရည် ပြောပေးလို့ ရတယ်. . .'

‘ဆုသက် လုပ်ချင်လား. . .’

ယဉ်ယဉ်နွဲ့က ဆုသက်ထွေး၏ မျက်နှာကို လှမ်းကြည့်၍ မေးလိုက်သည်။

‘ဆုသက် လုပ်ချင်လား. . .’

ယဉ်ယဉ်နွဲ့က ဆုသက်ထွေး၏ မျက်နှာကို လှမ်းကြည့်၍ မေးလိုက်သည်။

‘ဆုသက် လုပ်ကြည့်ချင်ပါတယ်. . . မမယဉ်. . .’

‘ကဲ. . . လုပ်ချင်တယ်တဲ့. . . ပြောပေးလိုက် ပါ. . . ရွှေရည်. . .’

‘ရတယ်လေ. . . မနက်ဖြန် ရွှေရည်တို့ အလုပ်သွားရင် လိုက်ခဲ့ပေါ့. . . ရတော့လဲ တစ်ခါ တည်းအလုပ်ဝင်လိုက်ရုံပေါ့. . . မဟုတ်ဘူးလား. . . လခ ကတော့ ခုနစ်ရာ စပေးတယ်. . .’

‘ဟုတ်ကဲ့. . .’

‘ကဲ. . . ဒါဆိုရင် ရွှေရည်တို့သွားတော့မယ်. . . ဒီနေ့ အဝယ်မတရားကျလို့ လူတွေကို ညောင်းချိနေတာပဲ. . . အနားယူလိုက်တော့မယ်. . .’

‘အေး အေး. . . သွားကြ သွားကြ. . .’

ရွှေရည်ဝိုးနှင့် လဲ့လဲ့တို့ သူတို့အနီးတွင် ထိုင်နေရာမှ ထသွားကြသည်။

သူတို့နှစ် ယောက် အတော် အတန် ဝေးသည့် နေရာသို့ ရောက်ကာမှ ယဉ်ယဉ်နွဲ့က ဆုသက်ထွေးကို လှည့်ကြည့်လိုက်သည်။

‘ဆုသက် အခြေအနေက အလုပ်တစ်ခုကို အမြန်ဆုံးရနိုင်မှ ဖြစ်မှာ မို့လို့သာ ဒီအလုပ်ကို လုပ်ခိုင်းလိုက်ရတာ . . . သူတို့နဲ့ သွားအတူ လာအတူ လုပ်တာတော့ မမယဉ် သိပ်မကြိုက်ချင်ဘူး၊ သူတို့က ယောက်ျားမိတ်ဆွေတွေ များ တယ်. . . ကိုယ် သူတို့နဲ့ တပူးတတွဲတွဲ လုပ်နေရင် ကိုယ့်ကို လဲ သူတို့လို မိန်းကလေးပဲလို့ ယောက်ျားတွေ က ထင်မှာ ဆုသက်ရဲ့. . .’

'ဟုတ်ကဲ့ ဆုသက်နားလည်ပါတယ် မမယဉ်. . . ဆုသက် အစစအရာရာ သတိရှိရှိ နေမှာ ပါ. . .'

'ဆုသက်ကို ကောင်းစေချင်လို့ ပြောတာနော်. . . မမယဉ်ကိုတော့ ဘယ်လိုမှ မထင်ပါနဲ့'

'အို. . . မထင်ပါဘူး. . . မမယဉ်ရယ်. . . ဆုသက်ကို ဂရုတစိုက်ရှိလွန်းလို့ ကျေးဇူးတောင် တင်မိပါသေးတယ်. . .'

'ကဲ. . . ထ အိပ်ချိန်တွေ နောက်ကျကုန်မယ်. . . အခန်းကို ပြန်ကြစို့ရယ်. . .'

နှစ် ဦးသား အဆောင်ဝင်းထဲရှိ အပန်းဖြေ ခုံတန်းကလေးတွင် ထိုင်နေရာမှ ထထွက်ခဲ့ကြ သည်။

အခန်းထဲရောက်တော့ ဆုသက်ထွေးက ခုတင်အောက်မှ သူ့သေတ္တာကိုဆွဲထုတ်ကာ မနက်ဖြန်အတွက် ကောင်းနိုးရာရာ အဝတ်အစားတစ်စုံကို ထုတ်ယူဖို့ ရှာဖွေလိုက်သည်။

'အဲဒီ့ ဂန့်ဂေါ ရှားရောင် ကလေး ဝမ်းဆက်က အကောင်းသားပဲ ဆုသက်. . .'

သူ့ ခုတင်စွန်းမှာ ထိုင်၍ ဆုသက်ထွေးကို လှမ်းကြည့်နေသော ယဉ်ယဉ်နွဲ့က ပြောလိုက် သည်။

'ဒါဆို ဆုသက် ဒါပဲ ဝတ်လိုက်တော့မယ်. . .'

ဆုသက်ထွေးသည် အင်္ကျီကလေးကို ပြန်ပြီး အဝတ်ချိန်တွင် ချိတ်ကာ ကြိုး တနားတွင် ချိတ် ထားလိုက်သည်။

'ဆုသက်ကိုယ်တိုင် အဝတ်အသစ်တစ်စုံဆိုလို့ ဒီဂန့်ဂေါဝမ်းဆက်ပဲ ရှိတယ်. . . မမယဉ်. . ဒါ မမမေသော် က သူ့မင်္ဂလာဆောင်မှာ ဝတ်ဖို့ ချုပ်ပေးတာလေ. . . ကျန်တဲ့အဝတ်အစားတွေ ကတော့ ဆုသက် တစ်သက်လုံး မမ မေသော် ရဲ့ အင်္ကျီပဲ ဝတ်ခဲ့ရတာ . . . အကျဆိုပေမယ့် မမ မေသော် အဝတ်နဲ့တော့ အဝတ်အစားတွေ က

လတ်နေပါသေးတယ်. . .'

'အကျမှန်း မသိပါဘူးကွယ်. . . ဆုသက်ကိုယ်ပေါ်မှာ အဝတ်အစားကလေးတွေ က သပ်ရပ် လှပနေကြတာပါ. . .'

ယဉ်ယဉ်နွဲ့ အားပေးတတ်မှု ကို သဘောကျကာ ဆုသက်ထွေး ပြုံး လိုက်မိသည်။

'သြော်. . . ငါ့မှာ ဒီလို တိုင်ပင်ဖော် တိုင်ပင်ဘက်အစ်မ တစ်ယောက် များ ရှိခဲ့ရင် ဘယ် လောက်ကောင်းလိုက်မလဲလို့. . .'

'ကဲ. . . မမလေး ဘာတွေ စဉ်းစားပြီး ပြုံး နေတာလဲ. . . အိပ်တော့. . . ဆယ်နာရီခွဲနေပြီ မနက်ကို စောစောထရမှာ . . .'

'ဟုတ်ကဲ့. . . မမယဉ်. . .'

ဆုသက်ထွေးလည်း ကပျာကယာ အိပ်ရာပေါ် တက်လိုက်ပြီး ခြင်ထောင်ကို ဆွဲချလိုက် သည်။

အလုပ်အကိုင်တွင် သူ့ဘဝအတွက် နေသားကျနေပြီ ဖြစ်သော မမယဉ် တစ်ယောက် လျှင် မြန်စွာ အိပ်ပျော်သွားခဲ့သည်။

သူ့မှာ တော့ မနက်ဖြန်တွင် ခြေစုံပစ်၍ ဝင်ရတော့မည် ဖြစ်သော တစ်သက်တွင် ဦးဆုံးလုပ် ရမည့် အလုပ်အတွက် စဉ်းစားခန်းဝင်မိကာ တော် တော် နှင့် အိပ်မပျော်နိုင်ဘဲ ရှိခဲ့သည်။ သည်ညသည် နွေကာလ၏ တစ်ခုသော ည ဖြစ်ပါလျက်နှင့် အိပ်မပျော်နိုင်သော သူ့အတွက် ညတာ သည် ရှည်လျားလွန်းနေပါ၏ ။

♥ ♥ ♥

(၅)

ယဉ်ယဉ်နွဲ့သည် သူ့အလုပ်တာဝန်ကို ထမ်းဆောင်ဖို့ သွားရန်အတွက် သတိဝီရိယရှိစွာ အိပ်ရာမှ အစောကြီး ထိုက်လိုက်သည်။

'အင်. . . မမယဉ် ဘယ်နှစ် နာရီထိုးသေးလို့လဲ. . .'

ခြင်ထောင်ကိုအသာမ၍ ခေါင်းကုတ်ကာ အိပ်ချင်မူးတူးသံကလေးဖြင့် ဆုသက်ထွေးက မေးလိုက်သည်။

'သုံးနာရီလေးဆယ့်ငါးလေ. . . ဒီအချိန်ထမှ အတော် ပဲ. . . မမယဉ်တို့ အကြို ကားက လေးနာရီခွဲလောက်ဆိုရင် အဆောင်ရှေ့ကို ရောက်တာ. . .'

'ဩော်. . .'

'ဆောရီးပဲ. . . မမယဉ် မီးဖွင့်လိုက်လို့ ဆုသက် နိုးသွားတာလား. . .'

'မဟုတ်ပါဘူး. . . ဆုသက်လဲ စောစောကတည်းက နိုးတဝက် အိပ်တစ်ဝက် ဖြစ်နေတာ'

'ဘာလဲ အလုပ်ဝင်ရဖို့အျွက် စိတ်တွေ သိပ်လှုပ်ရှားနေတာလားဟင်. . .'

'ဟုတ်တယ်. . . တစ်သက်နဲ့ တစ်ကိုယ် ကိုယ့်ဝမ်းကိုယ်ကျောင်းဖို့ ပထမဆုံးလုပ်ရတော့ မယ့် အလုပ်အကြောင်း တွေ းတွေ းပြီး စိတ်တွေ လှုပ်ရှားနေမိတယ် မမယဉ်. . .'

'မမယဉ် ကိုယ်ချင်းစာပါတယ်. . . ကိုယ့်တုန်းကလဲ ဒီလိုပဲလေ. . . ကျောင်းသားဘဝကနေ အလုပ်သမား တစ်ယောက် ဖြစ်လာတော့မှာ ကို စိတ်လှုပ်ရှားစရာ ဖြစ်ခဲ့ရပါတယ်. . .'

'မမယဉ်. . . ဘယ်အချိန် ပြန်ရောက်မှာ လဲဟင်. . .'

'မမယဉ်တို့က နောက်ဆုံးလေယာဉ် မင်္ဂလာဒုံ လေဆိပ်ကို ပြန်ရောက်မှ ဂျူ တီပြီးတာဆို တော့ ဒီနေ့ ည ရှစ်နာရီလောက်မှ အဆောင်ကို ပြန်ရောက်မယ် ဆုသက်. . .'

'ဟင်း. . . ဆုသက် တစ်ယောက် တည်း ပျင်းတော့မှာ ပဲ. . .'

'အဖော်သစ်တွေ ရပြီး မမယဉ်ကို မေ့မသွားရင်တောင် ကံကောင်း. . .'

'ဟာ. . . ဘယ်ကမှ. . . အဖော်သစ် မရနိုင်ပါဘူး. . .'

'ဆုသက်ကို မမယဉ်က ချစ်လို့ ကြည့်စားတာပါကွယ်. . .'

မမယဉ်သည် ပါးစပ်က စကားပြောရင်း လူကလဲ လှုပ်ရှားနေ၏ ။

သွက်သွက်လက်လက် ဖျတ်ဖျတ်လတ်လတ်ရှိလွန်းလှသဖြင့် နံနက်လေးနာရီခွဲကာနီးတွင် အလုပ်ဆင်းရင် အဆင်သင့် ဖြစ်နေပါ၏ ။

ရုံးအကြိုကားကလဲ အချိန်မှန်လှပါသည်။

လေးနာရီ ဒေါင်ခနဲခွဲသည်နှင့် အဆောင်ရှေ့က ဟွန်းသံပေးလာ၏ ။

'ကဲ. . . ကားလာပြီ မမယဉ်သွားတော့မယ် ဆုသက်. . .'

'ဟုတ်ကဲ့ မမယဉ်. . .'

တံခါးဝအထိ ဆုသက်ထွေးက ယဉ်ယဉ်နွဲ့ကို လိုက်ပို့ပေးလိုက်သည်။

သူထွက်သွားပြီးလို့ အိပ်ရာပေါ် ပြန်လှဲတော့လည်း ဆုသက်ထွေး တစ်ယောက် အိပ်မပျော် နိုင်တော့ပါ. . . နာရီကိုကြည့်ရင်း တောင်တွေ း မြောက်တွေ းနှင့် မိမိကိုယ်တိုင် အလုပ်သွားဖို့ ပြင် ဆင်ချိန်သို့ ကျရောက်လာ၏ ။

'ဟေ့. . . ဆုသက်ထွေး နိုးပြီလား. . .'

သူ့တံခါးကိုခေါက်၍ ရွှေရည်ဝင်း လာပြောလိုက်သဖြင့် ဆုသက်ထွေး တံခါးကို အပြေး ကလေး သွားဖွင့်လိုက်သည်။

'ဆုသက် နိုးနေပါပြီ. . .'

'မြန်မြန်လုပ်နော်. . . အစောကြီး ဆိုင်ကို ရောက်တဲ့ဝန်ထမ်းကို ဆုကြေးပေးလို့

ရွှေရည် တို့ စောစောသွားကြတယ်...'

'ဟုတ်ကဲ့... ဆုသက်က ပြင်တာဆင်တာ မကြာပါဘူး... ခုပဲပြီးမှာ ပါ...'

ဆုသက်ထွေးသည် ရွှေရည်ဝင်း ထွက်သွားသည်နှင့် အဝတ်အစားများ ကပျာကသီ လဲလှယ်လိုက်သည်။

နာရီဝက်ခန့်အချိန်အတောအတွင်း ၌တွင် ဆုသက်ထွေး တစ်ယောက် အလွန်ကြည့်ကောင်း သော အဆင်အပြင်တို့ဖြင့် ပြင်ဆင်ပြီးသွား၏ ။

သူ့ မမသော် ၏ အကျလယ်သာဆလင်းဘက် အနက်ကလေးကို လွယ်ပြီး ခေါက်ထီး ကလေးကိုကိုင်ကာ အခန်းတံခါးကို ပိတ်ခဲ့ပြီး ဆုသက်ထွေးသည် ရွှေရည်ဝင်းတို့ အခန်းဆီသို့ ကူးခဲ့သည်။

'ဟော... လာ... တို့လဲ ခုပြီးတော့မှာ ...'

ကော်ပတ်ရုပ်ကလေးလို ဖြစ်နေသော မိတ်ကပ်လွှမ်းသည့် မျက်နှာပေါ်တွင် အနီတွေ ၊ အစိမ်းတွေ ဆေးရေးခြယ်နေသော ရွှေရည်ဝင်းက ဆုသက်ထွေးကို လှည့်ခေါ်လိုက်သည်။

'သူကလဲ အင်္ကျီလက်ရှည်ကြီးနဲ့ အိုက်ဘူးလား... လဲ့လဲ့တို့လို ဘလောက်(စ်)လေး ဘာလေး ဝတ်ပါလားလို့... သူ့ကြည့်ရတာ လေ့ခေတ်... လှည်းခေတ် ပြန်ရောက်သွားသလိုပဲ နော် ရွှေရည်...'

'အဟင်း... ဟင်း... ဟုတ်တယ်... လဲ့လဲ့...'

'အသက်ငယ်တုန်း ရွယ်တုန်း ခေတ်ဆန်ဆန်ကလေးသာ ဝတ်... ဘာဝတ်ဝတ်မလှ မရှိ ဘူး... လာ မျက်နှာကြီး ပြောင်လွန်း အားကြီးတယ်... နှုတ်ခမ်းနီကလေး ခရင်ပတ်(ဖ်)ကလေး လိမ်းလိုက်ဦး...'

'ဟို... ကျေး... ကျေးဇူးတင်တယ်... ဆုသက် အဲဒါတွေ မကြိုက်လို့ပါ...'

'ဟန်ကျတယ်... အတော် တော့ အကုန်သက်သာမှာ ပဲ ရွှေရည်...'

'လာစမ်းပါ ဆုသက်ရယ်. . . တို့ပြင်ပေးလိုက်ရင်. . . ဆုသက် ဘယ်လောက်လှသွားမယ် ဆိုတာ တွေ့ရမယ်. . . မကြိုက်ရင် ပြန်ဖျက်ပစ်လို့ရတာ ပဲ. . .'

ရွှေရည်ဝင်းက အတင်း မှန်ရှေ့ကို ဆွဲခေါ်ပြီး ခရင်ပတ်(ဖ်) အိုင်းလိုက်နာနှင့် နှုတ်ခမ်းဆိုး ဆေးများ ဆုသက်ထွေးကို ခြယ်သပေးလိုက်သည်။

ဘယ်လိုပင် မကြိုက်ပါဘူး ဆိုပေမယ့်. . . အထောက်ကူပစ္စည်းကလေးများ ကြောင့် သဘာဝထက် ပိုလှသွားသော သူ့မျက်နှာကို မှန်ထဲတွင် ကြည့်မဝချင်သလို ဆုသက်ထွေး ဖြစ်ခဲ့ရ သည်။

'အင်း. . . မမ မေသော်က သူသာ အလှပြင်တာ. . . ငါ့ကို နှုတ်ခမ်းနီကလေးတောင် ပေးဆိုးတာ မဟုတ်ဘူး. . . ငါ့မျက်နှာက သနပ်ခါးနဲ့ပဲ လိုက်တယ်လို့ အမြဲပြောခဲ့တယ်. . . ခု ပြန်စဉ်းစားကြည့်တော့ အလှပြင် ပစ္စည်းတွေ ကုန်မှာ စိုးလို့နဲ့ တူပါတယ်. . .'

'ဟိတ်. . . ကြည့်စမ်း. . . လှဲ့လှဲ့. . .'

'ဟာ အပြတ်ကို ခိုက်စရာ ဖြစ်သွားပြီ. . . အဟင်း ဟင်း. . . လှဲ့လှဲ့တောင် မနာလိုချင် တော့ဘူး ရွှေရည်. . .'

'ဟုတ်တယ်. . . လှဲ့. . . တို့လေ. . ဆိုင်ရှင် အန်တီရှုကြီး သဘောညကျသွားအောင် ဆုသက်ကို ဟိုအင်္ကျီလေး ပေးဝတ်လိုက်မယ်. . .'

'ကောင်းသားပဲ. . .'

ရွှေရည်ဝင်းက သူ့ ဗီရိုကို ဆွဲဖွင့်ပြီး အတွင်း းက ရယ်ဒီမိတ် (အဆင်သင့်ဝတ်) ဘလောက်(စ်) အင်္ကျီတစ်ထည်ကို ဆွဲထုတ်လာ၏ ။

'ဟာ. . . မဝတ်ပါဘူး. . . ဆုသက် သူများ အဝတ်ကို မဝတ်တတ်လို့ပါ. . .'

'မဝတ်တတ်တာတွေ . . . ဝတ်တတ်တာတွေ အသာဘေးဖယ်ထား တို့ သင်ပေးသလို ဝတ် လိုက်. . . တို့ဆိုင်ရှင် တရုတ်မကြီးက သူ့ အလုပ်သမားတွေ

ခေတ်ဆန်ဆန်နဲ့ ရှိုးကျကျ ဝတ်တာ သိပ်ကြိုက်တာ. . . သူ ကိုယ်တိုင်ကလဲ မင်္ဂလာဆောင်သွားတော့မယ်အတိုင်း အမြဲ ဝတ်ဆင်း ပြင် ဆင်ထားတတ်တာ. . . ဒီနေ့က အရေး ကြီးတယ်လေ. . . ဆုသက် အလုပ်လျှောက်ရမယ့်နေ့ သူ့ သဘောကျမှ ဖြစ်မယ့်နေ့ မဟုတ်လား. . .'

'ဟုတ်တယ်. . . ဆုသက် အင်္ကျီလဲလိုက်ပါ. . . ဒီအင်္ကျီနဲ့ဆိုရင် ဆုသက် ပိုလှသွားမှာ . . .'

ရွှေရည်ဝင်းနှင့် လဲ့လဲ့တို့ အတိုင်အဖောက်ညီစွာ တိုက်တွန်းလိုက်ကြသဖြင့် ဆုသက်ထွေး လဲ ခါးက အင်္ကျီကို ချွတ်သာ ဘလောက်(စ်)လည်ဟိုက်နှင့် ခါးတွန့်ပါသော ဘလောက်(စ်)ကို လဲဝတ်လိုက်ရတော့သည်။

'ဟာ ဆုသက် ခုအတိုင်းဆိုရင် ဗွီဒီယို မင်းသမီးဝင်လျှောက်လို့ရပြီ သိလား. . .'

'ဟုတ်တယ်. . . ဆုသက်ကို အန်တီရှုမပြောနဲ့ ရွှေရည်တောင် ပစ်သဘောကျသွားပြီ. . .'

ဆုသက်ထွေးမှာ ရက်လွန်း၍ မျက်နှာကလေး မထားတတ်အောင် ဖြစ်ခဲ့ရသည်။

'ကဲ ကဲ လာ. . . နောက်တောင်ကျတော့မယ်. . . သွားကြစို့. . .'

သုံးဦးသား အဆောင်ပေါ်မှ အလောသုံးဆယ် ဆင်းခဲ့ကြရသည်။

လမ်းမကြီးပေါ်ရောက်တော့ ရွှေရည်ဝင်းနှင့် လဲ့လဲ့တို့၏ မျက်လုံးများ က တစ်စုံတစ်ခုကို ရှာဖွေသလို ပတ်ဝန်းကျင်ထဲတွင် လှုပ်ရှားနေကြ၏ ။

နောက်ဆုံး မနေနိုင်တော့ ဆုသက်ထွေး ထုတ်ဖော်၍ မေးလိုက်မိသည်။

'ဘာရှာနေကြတာလဲဟင်. . . ရွှေရည်. . .'

'တို့ နှစ် ယောက် ရဲ့ ဘော်ဒါရဲ့ ကားကိုလေ. . .'

'ဟင်. . .'

ဆုသက်ထွေး ဘာဆက်ပြောရမှန်း မသိတော့. . .

'မလာဘူး ထင်တယ်. . . လာရင် ဒီအချိန်ဆို ကိုရဲတို့ကား ဒီနားရောက်နေကြပါ. . .'

'ဟုတ်တယ်. . ဒါဆိုရင် ကိုယ့်အစီအစဉ်နဲ့ပဲ ကိုယ်လစ်ကြတာပေါ့. . .'

'အင်း. . . တော်ပါသေးရဲ့ နို့မဟုတ်ရင် သူတို့ကြားထဲ ကန့်လန့် ကန့်လန့် ပါနေရတော့မှာ '

စိတ်ကျဉ်းကျပ်သွားသော ဆုသက်ထွေး တစ်ယောက် အသက်ရှူများ ချောင်သွားရတော့ သည်။

ကားမှတ်တိုင်ရောက်၍ လိုင်းကားပေါ်တက်သွားကြသည့်တိုင် ရွှေရည်ဝင်းနှင့် လဲ့လဲ့တို့မှာ နောက်ကြောင်း တကြည့်ကြည့် ဖြစ်နေ၏ ။

သို့နှင့် ပင် လက်ကီးစတား မီနီမားကက်ရှိရာ ရှစ်မိုင်သို့ သူတို့ သုံးဦး ရောက်ခဲ့ကြသည်။

သည်နေ့ သူတို့ထက်အမြဲနောက်ကျမှ ရောက်သော ဝင်းမူက ဆိုင်ရှေ့တွင် ရောက်နေပြီး ဆိုင်ဖွင့်ပေးနေသော အစောင့်ကြီး ဦးငွေရကို ကူညီနေ၏ ။

'လဲ့လဲ့. . . တို့ အရင်ရောက်တယ်နော်. . .'

'အေးပါ. . . တို့ ခြေနင်းစကြာ မလာလို့ နင် ဒီနေ့ အသာရသွားတာပါနော်. . . မိဝင်းမူ'

ဝင်းမူဆိုသူက မျက်ခွံများ ပိတ်အောင် ရယ်လိုက်သည်။

'အန်တီရှု ဆင်းလာပြီလား. . .'

'လာ ဆုသက်. . .'

'သူက ဘယ်သူလဲဟင်. . .'

ရွှေရည်ဝင်းက လက်ဆွဲ၍ ခေါ်လိုက်သော ဆုသက်ထွေးကို ကြည့်ကာ ဝင်းမူက မေးလိုက် သည်။

'သူ ဒီမှာ အလုပ်ဝင်မလို့လေ. . . နာမည် က ဆုသက်ထွေးတဲ့. . .'

'ကောင်းတာပေါ့ ဝမ်းသာစရာကြီး. . .'

ကိုယ့်အရောင် းကောင်တာ ကိုယ်ဝင်ပြီး ရောင် းရမည့် ပစ္စည်းများ ကို သပ်သပ်ခတ်ခတ် ပြင် ဆင်နေကြချိန်တွင် ဆိုင်ရှင် အန်တီကြီး ရောက်ရှိလာသည်။

'အန်တီရှု. . .'

'ဟော့. . . ညည်းတို့ရောက်နေကြပြီကိုး. . . ဒါနဲ့ သူက ဘယ်သူလဲ. . .'

သူ့ကို နှုတ်ဆက်လိုက်သော ရွှေရည်ဝင်း၏ နံဘေးတွင် ကုပ်ကုပ်ကလေး ရပ်နေသော ဆုသက်တွေ ကို လက်ညှိုး ထိုး၍ မေးရင်း သူတို့ အနီးသို့ ဒေါ်ရှု့တီက လျှောက်လာသည်။

'အန်တီရှုဆီမှာ အလုပ်ဝင်ချင်လို့ ဆိုတာနဲ့ ခေါ်လာခဲ့တာ. . . သူက ရွှေရည်ရဲ့ ညီမ တစ်ဝမ်းကွဲလေ. . . မနေ့က အဆောင်ပြန်ရောက်တော့ ဆု. . . ပုသိမ်ကနေ ရောက်နေတယ်လေ'

'ဟော့ နင့် ညီမ ဝမ်းကွဲလား. . . ဒါဆိုလဲ ကောင်းတာပေါ့. . . သူ့ကို လူလိုနေတဲ့ ဟိုဘက် ကောင်တာမှာ ထားလိုက်. . . ပြီးတော့ အလုပ်သဘောကို နင်ပဲ ရှင်းပြလိုက် ရွှေရည်. . .'

'ဟုတ်ကဲ့. . . အန်တီရှု. . .'

'ဟိုဟာမလေးတွေ မရောက်ကြသေးဘူးလား. . . မေရီတို့ နော်အေးထူးတို့. . .'

'ရောက်မလာကြသေးဘူး အန်တီရှု. . .'

ဒေါ်ရှုတီက ရေရည်ဝင်းကို နှစ် ခြိုက်စွာ ပြုံး ပြပြီး ဆိုင်ထဲက

ပြန်ထွက်သွားသည်။

'ကဲ. . . ဘယ့်နယ်လဲ အိုကေသွားပြီ မဟုတ်လား. . .'

'ဆုသက်. . . ဆုသက် ရွှေရည်ကို သိပ်. . . သိပ် ကျေးဇူးတင်ပါတယ်. . .'

'ဒီလို ကျေးဇူးတင်ရုံနဲ့ မရဘူး. . . ထုံးစံတစ်ခု ရှိတယ် ဆုသက်. . .'

'ဘာ ထုံးစံလဲဟင်. . .'

'အလုပ်ရှာပေးတဲ့လူကို ပထမ လခ တစ်လုံးလစာ ပေးရတာ လေ. . .'

'ဩော်. . . ဒါလား ရပါတယ် ရွှေရည်ရယ်. . .'

'ဆုသက်ကို တို့ ညှာပါတယ်. . . တစ်လကို တဝက် နှစ် လခွဲပေးပေါ့. . . ဟုတ်လား. . .'

'ရွှေရည့်သဘောပါ. . .'

ရွှေရည်ဝင်းက လဲ့လဲ့ဆီသို့ လှမ်းကြည့်ပြီး မြိန့်မြိန့်ကြီး ပြုံး ပြလိုက်သည်။

'တရားပါတယ်လေ. . . သူ ရှာပေးတဲ့ အလုပ်ပဲ. . . တစ်လမဟုတ်လို့ နှစ် လခ. . . သုံးလခ ပေးဆိုလဲ ငါ့ အခြေအနေကပေးမှ ဖြစ်တဲ့ဥစ္စာပဲ. . . ဘာပဲ ဖြစ် ဖြစ် သူ့ကို ငါ သိပ်ကျေးဇူး တင်မိပါတယ်. . .'

ဆုသက်ထွေးမှာ သဘောအရိုးခံကလေးဖြင့် တွေ းပြီး ကျေနပ်မိလိုက်သည်။

'လာ. . . ဆုသက်ကို တို့ ပြပေးမယ်. . .'

ဆုသက်ထွေး ရောင်းရမည့် အရောင်းကောင်တာဆီသို့ ရွှေရည်ဝင်းက လက်ဆွဲ၍ ခေါ်ဆောင်သွားသည်။

'ဒီထောင့်ကနေ ဟိုနေရာ အဆုံးအထိ အကန့်တစ်ခုလုံးနဲ့ ရှိုးကေ့(စ်) တစ်လုံးက မီးဖို ဆောင်သုံး ပစ္စည်းချည့်ပဲ. . . ပစ္စည်းတစ်ခု တစ်ခုတိုင်းမှာ ဟောဒီမှာ ကြည့် ဈေးနှုန်းကလေးတွေ ကပ်ထားတယ်. . . ပျောက်ရင် ရှရင် ကွဲရင် ကိုယ့်တာဝန်နော်. . .

လျော်ရတာ . . . အလုပ်ကို သတိ ဝိရိယနဲ့ လုပ် . . .'

'ဟုတ်ကဲ့ပါ ရွှေရည် . . .'

'ဒီဘောက်ချာ ဟောဒီမှာ ဘောလ်ပင် အားနေရင် ပစ္စည်းကလေးတွေ လှအောင်စီ . . . မျက်စိ ပသာဒရှိတော့ . . . လူတွေ ့တယ် . . . တွေ ့တော့ ဝယ်ချင်လာတယ် . . . အဆင်အပြင် ကလဲ ဝယ်သူ့မျက်စိကို ဆွဲဆောင်တယ် . . . ဆုသက်ရဲ့ . . .'

'ဟုတ်ကဲ့ . . . ဆုသက် နားလည်ပါတယ် . . .'

'ဝယ်ပြီးသား ပစ္စည်း ပက်ကင်း (အထုပ်) လုပ်ချင်တယ်ဆိုရင် ဟိုဘက်ထောင့်စွန်းမှာ ထိုင်တဲ့ မေရီဆိုတဲ့ အမျိုးသမီးက လုပ်ပေးတယ် သူ့ဆီကိုလွှတ် . . .'

'ဟုတ်ကဲ့ . . . ရွှေရည် . . .'

ဆုသက်ထွေးသည် ရွှေရည်ထွက်သွားသော အခါ ပစ္စည်းပစ္စယတွေ ကို လိုက်ကြည့်ပြီး လိုအပ်သည့် နေရာများ တွင် သူ့မျက်စိနှင့် ကြည့်အကောင်းဆုံး ပြင်ဆင် ပြသမှု များ ကို ပြုလုပ်နေ လိုက်သည်။

စံနစ်တကျနှင့် အစီအစဥ်ကျကျနန ပြင်ဆင်ထားလိုက်သော ဆုသက်ထွေး၏ အရောင် း ကောင်တာတွင် နံနက်ခင်းကတည်းက အဝယ်ကျလိုက်သည်မှာ မွန်းတည့်သည့်အထိပါပဲ။

ဆုသက်ထွေးကို ရွှေရည်ဝင်းပါ လာကူပေးနေရ၏ ။

ပွဲဦးထွက် လာဘ်ကောင်းလှသဖြင့် သူ ခေါ်လာသော အရောင် းစာရေး မ အသစ်ကလေး အတွက် ရွှေရည်ဝင်းမှာ မျက်နှာပိုရတော့မည် မှာ သေချာနေ၏ ။

'ရွှေရည်ရေ အန်တီရှုကြီးဆီက ဘောက်ဆူးရရင် ဝင်းမူလဲ ပါတယ်နော် . . .'

'စိတ်ချ . . . စိတ်ချ . . . ပက်စီ တစ်ပုလင်းကို ငါးယောက် မှုတိုက်မယ် . . .'

'ရွှေရည်ဝင်းတို့ ကတော့ အဲဒီ အတိုင်းလုပ်မှာ သေချာတယ်ဟေ့ . . .'

'ဒီဟာမတွေ ကလေ ကိုယ့်ကံနဲ့ကိုယ် စားရသောက်ရမှာ ကို မနာလိုရှိလိုက်ကြတာ. . .'

'ဟေ့. . . ဟေ့. . . အားလုံးတိတ် သူ လာပြီ. . .'

တစ်ယောက် တစ်ယောက် လှမ်းစကားပြောနေသော မိန်းကလေးများ တိတ်ဆိတ်သွားကြ ပြီး လမ်းဆီသို့ မျက်စိများ ရောက်သွားကြ၏ ။

ဒေါ်ရှုတီကြီး၏ ကား. . . ဆိုင်ရှေ့ လမ်းမပေါ်တွင် ထိုးဆိုက်လာပြီး ဟိုင်းလတ်ကား နောက်ခန်းအပြည့် ပါလာသော ပစ္စည်းများကို တွေ့လိုက်ကြရသည်။

'ဦးငွေရ ဟိုကောင်တွေ ပစ္စည်းသယ်သွင်းရင် ဂရုစိုက်လုပ်ခိုင်းနော်. . . ကွဲမယ့်ရှမယ့် ပစ္စည်းတွေ ပါတယ်. . .'

'ဟုတ်ကဲ့. . . ဒေါ်ရှုတီ. . .'

ဒေါ်ရှုတီက ပြားချပ်ချပ် ဖြစ်ပြီး ပြန်ပါလာသော လက်ပွေ့အိတ်ကြီးကို ပခုံးတွင် လျှိုချိတ်၍ လွယ်ရင်း ဆိုင်ထဲသို့ ဝင်လာ၏ ။ အရောင်းစာရေး မ အသစ်စက်စက်ကလေး၏ အရောင်း ကောင် တာရှေ့တွင် ဝယ်သူတွေ ကျနေသည်ကို မြင်ရသော အခါ. . . ခပ်ခေါခေါ ဖြစ်နေသည့် သူ့သွားတွေ ကိုပေါ်အောင် ပြုံး ရယ်ရင်း ထိုကောင်တာနှင့် မနီးမဝေးသို့ လျှောက်သွားလိုက်သည်။

လူရိပ်လူကဲ ကောင်းစွာ ခတ်တတ်သော ဒေါ်ရှုတီသည် ခေတ္တမျှ ဆုသက်ထွေး၏ လုပ်ရည်ကိုင်ရည်ကို ကြည့်ပြီးသည်နှင့် သည်ကလေးမ၏ အရည်အချင်းကို သိမြင်သွား၏ ။

'ကောင်းတယ်. . . ကောင်းတယ်. . . ဒီမိန်းကလေးတော် တယ်. . . လာဘ်လဲကောင်း တယ်. . .'

စိတ်ထဲက ကျိတ်၍ ချီးကျူး ပြီး သူ၏ သီးသန့်မှန်ခန်းထဲသို့ ဝင်သွားသည်။

♥ ♥ ♥

အလုပ်ရှင်က သဘောကျနစ် ခြိုက်သည် ဆိုလာတော့ အမောပြေကာ ဆုသက်ထွေး ဝမ်းသာကြည်နူးရသည်။

တစ်နေကုန် မောခဲ့ပန်းခဲ့သမျှလည်း အမောပြေကာ အားရှိသွားသလိုပင် ထင်ရ၏ ။

'လှလှပပ သပ်သပ်ရပ်ရပ်ကလေး ဒီလိုပဲ ဝတ် သိလား. . . နင့်ကို အန်တီရှု လခတိုးပေး မယ်. . .'

'ဟုတ်ကဲ့ အန်တီရှု. . .'

'အေး. . . မင်းက လူသစ်ဆိုတော့ သတိတစ်ခုတော့ ပေးထားရဦးမယ်. . . ကိုယ်ရေး ကိုယ်တာ ကိစ္စမှန်သမျှ ဒီဆိုင်နဲ့တော့ မပတ်သက်စေနဲ့ပေါ့. . . အပြင်မှာ ဘာ ဖြစ် ဖြစ်ရတယ်. . . ဆိုင်နာမည် ပျက်ရမှာ မျိုးဆိုရင်တော့ တို့က လုံးလုံးလက်မခံဘူး ကြားလား. . .'

'ဟုတ်ကဲ့ပါ. . .'

'ကဲ. . . ကဲ. . . သွားကြတော့. . .'

အားလုံး ဒေါ်ရှုတီကို အသီးသီးနှုတ်ဆက်ပြီး တစ်နေ့တာလုပ်ငန်းသိမ်းချိန်သို့ ရောက်ရှိလာ ကြသည်။

ဆုသက်ထွေးလည်း ရွှေရည်ဝင်းတို့နှစ် ယောက် နှင့် အတူ ကားဂိတ်သို့ လိုက်လျှောက်ခဲ့ သည်တွင် ကားဂိတ်အနီး ရပ်တန့်ထားသော မနေ့ညနေက တွေ့ ခဲ့ရဖူးသည့် အက်စီအီးကားဖြူဖြူကလေးကို တွေ့ လိုက်ရသည်။

'ကိုယ်တော် ချောတွေ ရောက်နေကြပြီ. . .'

'ဟုတ်ပါရဲ့ . . . မနက်က မလာတာ ဘာ ဖြစ်လို့လဲ မသိဘူး. . .'

'ဟို. . . ရွှေရည်တို့ အဲဒီ ကားနဲ့ ပြန်ကြမှာ လားဟင်. . .'

‘အင်းပေါ့. . .’

‘ဒါဆို ဒီကားမှတ်တိုင်မှာ ပဲ ဆုသက်ထွေး ကျန်နေလိုက်တော့မယ်. . .’

ဆိုင်ရှင် ဒေါ်ရှုတီ၏ စကားကို ပြန်လည်ကြားယောင်မိပြီး ဆုသက်ထွေး ကျောချမ်းသွားမိ သည်။

‘ဟယ်. . . ဘယ်ဟုတ်ရမှာ လဲ ဆုသက်လဲ တို့နဲ့ပြန်လိုက်ခဲ့ပေါ့. . . ဘာလဲ. . . ဒေါ်ရှုတီကြီး သတိပေးစကား ပြောလိုက်လို့ လန့်သွားတာလား. . .’

‘မဟုတ်ပါဘူး ရွှေရည် ဆုသက် ကိုယ့်ဘာသာကိုယ်ပဲ ပြန်ချင်လို့ပါ. . .’

‘ဟာ. . . ဆုသက်က ခွဲခြား ခွဲခြား လုပ်လာပြီ. . . တို့က ဒါမျိုး မကြိုက်ဘူး. . .’

‘ဟုတ်တယ်. . . ဆုသက်ကို ကိုရဲတို့က ကိုက်မစားပါဘူး. . .’

‘အို. . . ဟို. . . ဒါကြောင့် မဟုတ်ပါဘူး. . .’

‘ဒါဖြင့် ဘာကြောင့် လဲ ယောက်ျားတွေ ပါတဲ့ကားနဲ့ လိုက်လာကြတယ်လို့ ပြောမှာ စိုးလို့ လား. . . ပတ်ဝန်းကျင်ကို သိပ်ဂရုစိုက်ရင် အသက်ရှူကျပ်တယ်. . . တို့ ကတော့ ကိုယ်ကောင်းရင် ခေါင်းဘယ်မှ မရွေ့ဘူးလို့ မှတ်ယူထားကြတာ. . .’

‘ကိုယ်လုပ်သမျှ ဆိုင်နဲ့ မပတ်သက်ရင် ပြီးတာပဲ. . .’

မဲ့မဲ့ရွဲ့ရွဲ့နှင့် ပြောလိုက်သော ဝင်းမူကို ကြည့်ပြီး ဆုသက်ထွေးမှာ ဘာပြောရမှန်းမသိဘဲ ဆွံ့အ သလို ဖြစ်ကာ ကြည့်နေမိ၏ ။

‘လာစမ်းပါ. . . တောင်တောင်အီအီတွေ တွေ းမနေနဲ့. . . သက်တောင့်သက်သာ လာနိုင် သွားနိုင်ဖို့လဲ အရေး ကြီးတာ ဆုသက်ရဲ့. . .’

ဆုသက်ထွေး၏ လက်ကိုဆွဲပြီး ရွှေရည်ဝင်းက ခေါ်ဆောင်သွားသဖြင့် ဆုသက်ထွေးလည်း သူတို့နောက်ပါခဲ့ရတော့သည်။

‘လာ. . .’

အသင့် တံခါးကို ကားအတွင်းက လူတွေ က ဖွင့်ပေးထား၏ ။

'ဟယ်. . . နိုင်နိုင်ပါလား. . . ဘယ်တုန်းက တောင်ကြီးက ပြန်လာတာလဲ ဟင်. . .'

'ဒီနေ့ပဲ ရွှေရည်. . .'

'ဟို. . . လူများ နေပြီ. . . ဆုသက် ဘတ်စ်ကားနဲ့ပဲ. . .'

'ဒီကားမှာ လူဆယ်ယောက် အထိ စီးဖူးပါတယ်. . . ဘတ်စ်ကားနဲ့ သွားစရာမလိုပါဘူး. . . လာတက်ပါ ဟော့ကောင် နိုင်နိုင် ဟိုဘက် ရွှေ့ပေးလိုက်. . .'

နိုင်နိုင် ဆိုသူက တံခါးတစ်ဘက်ဆီသို့ သူ့ကိုယ်ကို အစွမ်းကုန်တိုးဝှေ့၍ ကပ်ပေးထား လိုက်သည်။

သူ့ကို တွန်းထည့်လိုက်သဖြင့် ဆုသက်ထွေးလည်း နိုင်နိုင်ဆိုသူ လူရွယ်၏ အနီးသို့ ရောက် ရှိသွားရတော့သည်။

ဆုသက်ထွေးဘေး၌ ရွှေရည်ဝင်းက ထိုင်လိုက်သည်။

ရွှေရည်ဝင်း၏ ဘေးမှာ က မိုးဆွေ. . .

ရှေ့ခန်းတွင် တော့ ရဲကိုဆိုသူနှင့် လဲ့လဲ့ နှစ် ဦးတည်းသာ. . .

ကားကလေး ငြိမ့်ခနဲ မောင်းထွက်သွားတော့မှ သူနှင့် အသားချင်းထိကာ ပူးကပ်တိုးခွေ့ ထိုင်နေရသော သူနှင့် ရွှေရည်ဝင်းက သူ့ကို မိတ်ဆက်ပးလာ၏ ။

'နိုင်နိုင်. . . ဒါ တို့အဆောင်ကို မနေ့ကမှ ရောက်လာတဲ့ ဆုသက်ထွေးတဲ့. . . ဒီနေ့မှ လက်ကီးစတား မီနီမားကတ်မှာ အလုပ်ဝင်တာ. . .'

'ဟုတ်လား. . . ဒါကြောင့် ဒီမျက်နှာကလေး ဒီနေ့မှ မြင်ဖူးတာပါလို့ ကြည့်နေတာ. . . ကျွန်တော့်နာမည် က မျိုးဆက်နိုင်ပါ. . . အများ ကတော့ နိုင်နိုင်လို့ပဲ ခေါ်တယ်. . . ဆုသက်ထွေး ကို ခုလို သိရတာ သိပ်ဝမ်းသာတယ်ဗျာ. . .'

'ဟုတ်. . . ဟုတ်ကဲ့. . .'

‘အပေါင်း. . . ဆုသကပ်ထွေးက အားကြီး လူကြောက်တတ်တယ် နိုင်နိုင်ရဲ့ . . . မနည်းကို လူတောတိုးအောင် ထရိန်နင် ပေးရဦးမှာ . . .’

‘ရွှေရည်ဝင်း တစ်ယောက် လုံး ရှိနေတာပဲဗျာ. . . အပေါင်း ပေါင်း. . . ပေါင်း. . .’

ရွှေရည်ဝင်းနှင့် မျိုးဆက်နိုင်တို့ကြားတွင် ညပ်နေသော ဆုသကပ်ထွေးမှာ မနေတတ် မထိုင် တတ် ဖြစ်ကာ ချွေးလုံးများ ပျံတက်နေ၏ ။

‘အဆောင်ကို မြန်မြန်ရောက်ပါစေ. . . အဆောင်ကိုမြန်မြန်ရောက်ပါစေ. . .’

‘နိုင်နိုင်က ရွှေပုစွန်မှာ အအေးလိုက်တိုက်မလို့တဲ့. . .’

‘ဟာ. . . ပွတာပဲ. . . အဝလား အလှလား နိုင်နိုင်. . .’

‘ဟာဗျာ. . . ရွှေရည်ဝင်းကလဲ နိုင်နိုင်တို့က ဘယ်တော့မှ မဝရေစာ ကျွေးရိုးထုံးစံ မရှိ ဘူးဆိုတာ သိရဲ့ သားနဲ့ဗျာ. . .’

‘အလကား စတာပါ နိုင်နိုင်ရာ. . . ဒီသူဌေးသားကလေး ရက်ရောတဲ့အကြောင်း သိပြီးသား ပါတဲ့ရှင်. . . သိပြီးသားပါတဲ့. . .’

‘ရွှေရည်တို့ ဆက်သွားကြနော်. . . ဆုသကပ် ဆုသကပ်တော့ လှည်းတန်းထိပ်မှာ ဆင်းကျန် ခဲ့မယ်. . .’

‘အို. . . ဒီလို ခွဲခြား ခွဲခြား မလုပ်ပါနဲ့. . . ကျွန်တော် က မဆုသကပ်ထွေးကိုပါ ကျွေးမွေးချင် တာပါ. . .’

‘ဆုသကပ် အအေး မကြိုက်လို့ပါ. . .’

‘ဒါဆို ပြော. . . အအေးမကြိုက်ရင် အပူကြိုက်လား. . . စားချင်တာ ဘာမဆို ကျွေးမယ် ဗျာ. . .’

‘အို. . . ဆုသကပ် ဘာမှ မစားချင်လို့ပါ. . .’

‘ဒါတော့ မရဘူး. . . တစ်ခုခု စားကို စားရမယ်ဗျာ. . . ဘာလဲ ဆုသကပ်က

ကျွန်တော့်ကို ခင်သလို မခင်လို့လားဗျ. . .'

'မဟုတ်. . . ဟုတ်ပါဘူး. . .'

'ဒါဆို မငြင်းနဲ့ဗျာ. . .'

'ကဲ. . . ဆုသက်. . . ငြင်းမနေနဲ့တော့. . . နိုင်နိုင်ဆိုတဲ့ လူနဲ့ တွေ့လိုက်ရင် တောက်တဲ့က အဘခေါ်သွားရမယ်. . . သူက သိပ်ခင်တတ်တာပါနော်. . . တလွဲတော့ ထင်မသွားနဲ့ဦး. . .'

'ဟုတ်ပါတယ်. . . ကျွန်တော် က တစ်ဦးတည်းသော သားကလေးဆိုတော့ အဖော်အပေါင်း သိပ်ခင်မင်တတ်လို့ပါ. . .'

ဘယ်လိုပဲ ငြင်းငြင်း နောက်ဆုံးတွင် တော့ ဆန္ဒမပါသည့်တိုင် ရွှေရည်ဝင်းတို့ အုပ်စုနောက် သို့ ဆုသက်ထွေး ပါခဲ့ရတော့သည်။

'ဟဲ့. . . အရှေ့က နှစ် ယောက် တိတ်လှချည်လား. . .'

'ဟုတ်တယ် ရွှေရည်. . . ခင်ဗျားဘော်ဒါက ကျွန်တော့်ကို အသံတိတ် ဆန္ဒပြနေတယ်. . .'

'ဟုတ်သားပဲ. . . ကိုရဲက မနက်ကမှ ပေါ်မလာတာကိုး. . .'

'မလာဘဲ နေချင်ပ့ါမလားဗျာ. . . အိမ်က မေမေဘုရားသွားပြီး သူ့ညီမ နေမကောင်းတာ ဝင်မေးပြီး လေရှည်နေတာနဲ့ အားလုံး အချိန်တွေ နောက်ကုန်တာ. . .'

'ထင်တော့ ထင်ပါတယ်. . . အိမ်မှာ ကိစ္စများ နေတယ်ဆိုတာ အကျိုးအကြောင်း ရှင်းပြနေ ပြီလေ. . . လဲ့လဲ့မူက အကောက်ပြေတော့ပေါ့. . .'

'မခေါ်ချင်ပါဘူး. . .'

'တကယ်ပြောတာလား. . . သိပ်မမူနဲ့နော်. . . ကိုယ့်ကို ကပ်ချင်တဲ့ ကောင်မလေး ချော ချောတွေ ခါချနေရတာ ဗျနော့. . .'

'သူ. . . သူ အဲသလိုမပြောနဲ့ဆိုတာ ပြောပြန်ပြီလား. . . အင် အင်. . . ပြောဦး. . . ပြောဦး'

'အား. . . ထုနေပြီဗျ. . .'

'ဟေ့. . . ဟေ့ ကားလဲ ဖြောင့်ဖြောင့်မောင်းပါနော်. . . တော် ကြာ အအေးဆိုင်မရောက်ဘဲ ရေခဲတိုက် ရောက်ကုန်ဦးမယ်. . .'

'ဟဲ့ ဖွ. . . လွဲပါစေ ဖယ်ပါစေ. . . မောင်နော် ဘာတွေ လျှောက်ပြောနေတာလဲ'

ရွှေရည်ဝင်းက သူ့နံဘေးက မိုးဆွေ၏ ပေါင်ကို ဆွဲလိမ်ပစ်လိုက်သည်။

'အားလားလားလား. . . နာတယ်ဗျ. . .'

နာကျင်သွားသော သူ့ ပေါင်ကို လက်ဖြင့် ဖိပြီး မိုးဆွေက မျက်နှာကြီး ရှုံ့မဲ့နေ၏ ။

မျိုးသက်နိုင်က သူ့အဖော် စုံတွဲ တွေ ကို ကြည့်ကာ ရယ်မောဍ် နေသည်။

ရွှေရည်ဝင်းနှင့် လဲ့လဲ့တို့ ကတော့ လူကလဲ အတင့်ရဲသည်။ စကားလဲရဲ၊ အစားလဲ ရဲကြမည့် လူစားမျိုးတွေ . . .

သူတို့ကြားထဲတွင် ဆုသက်ထွေးမှာ တော့ စိတ်ကျဉ်းကျပ်ပြီး အနေကျု .လွှန်းနေရပေ၏ ။

အအေးဆိုင်သို့ ရောက်သည့်အခါတွင် အပြင်ဘက်စားပွဲတစ်လုံးတွင် နေရာယူလိုက်ကြ သည်။

အသီးသီး စုံတွဲ စုံတွဲ ထိုင်လိုက်ကြသည်မို့ ဆုသက်ထွေး၏ ဘေးတွင် မျ ိုးဆက်နိုင်က ရှိနေ၏ ။

အများ အမြင်မှာ တော့ ဆုသက်ထွေးနှင့် မျိုးဆက်နိုင်မှာ ဘာလိုလို. . .။

'ဆုသက် ခေါင်းချည်း ငုံ့ အရမ်းငုံ့ထားနေတော့တာပဲ. . . ဇက်ညောင်းနေပါ့မယ်ဗျာ. . .'

ဆုသက်ထွေးကိုပဲ တစ်ချိန်လုံး လိုက်ကြည့်နေသော မျိုးဆက်နိုင်က ပြောလိုက်သည်။

'ဟုတ်သားပဲ. . . လဲ့တို့လို နေစမ်းပါ ဆုသက်ရဲ့ . . . မင်းနေပုံကြီးက စိတ်ကျဉ်းကြုတ်ပြီး အသက်တိုမဲ့ ပုံမျိုးကြီး. . .'

လဲ့လဲ့အပြောကို သဘောကျဟန်ဖြင့် သူတို့အုပ်စု ရယ်လိုက်ကြသည်။

ထို့နောက်တွင် တော့ ဆုသက်ထွေးနှင့် မျိုးဆက်နိုင်ကို ဘေးထားပြီး လဲ့လဲ့. . . ရွှေရည်ဝင်း ရဲကိုနှင့် မိုးဆွေတို့သည် စကားတွေ ပြောလိုက် ရယ်လိုက်နှင့် အဖွဲ့တွေ တအားကျလာကြ၏ ။

'ဆုသက် စားလေ အေးကုန်လိမ့်မယ်. . .'

'ဘယ်ကလာ နိုင်နိုင်ကလဲ အိုက်စကရင်တွေ အရည်ပျော်ပြီး ပူကုန်မယ်လို့ ပြောစမ်းပါ'

'အဲ. . . ဟုတ်သားပဲ. . . လဲ့လဲ့ မှာ းသွားလို့ မှာ းသွားလို့. . . ဆုသက် အိုက်စကရင်တွေ အရည်ပျော်ကုန်ပြီလေ. . .'

ဆုသက်ထွေးသည် မတတ်သာလွန်းတော့သဖြင့် အခြေအနေအရ တို့ကနန်း ဆိတ်ကနန်း စားလိုက်သည်။

'ဆုသက် ဒီမြို့ ကပဲလား ဟင်. . .'

'ဟုတ်ကဲ့. . .'

'အို. . . ဒီရန်ကုန်ကနဲ့များ အဆောင်မှာ နေတယ်. . . အံ့သြသွားတာပဲ. . . ကိုယ်က ဆုသက်ကို နယ်ကလာတာပဲလို့ ထင်နေတာ. . .'

'မဟုတ်ပါဘူး'

'ဆုသက်ကြည့်ရတာ ငယ်ငယ်လေးပဲ ရှိသေးတယ်. . .ကျောင်းကောပြီးပြီလား

ဟင်. . .'

'ဆုသက် ဆယ်တန်းပဲ အောင်ထားသေးပါတယ်. . .'

'ဘယ်နှစ် က အောင်တာလဲ ဟင်. . .'

'ကိုးဆယ့်တစ်ကပါ. . .'

'ဆုသက် စိတ်မဆိုးပါနဲ့နော်. . . ဆုသက်ကို တို့ မြင်မြင်ခြင်း ခင်မင်မိလို့ပါ. . . ဆုသက်မှာ မိဘဆွေမျိုးတွေ မရှိကြဘူးလားဟင်. . .'

'မိဘ မရှိဘူး အစ်မတစ်ဝမ်းကွဲတော့ ရှိပါတယ်. . . သူ့ အိမ်ထောင်ကျတာနဲ့ အတူတူ မနေ ချင်လို့ ဆုသက် အဆောင်မှာ လာနေတာပါ. . .'

နောက်ဆက်တွဲ မေးလာကောင်း မေးလာမည် ဖြစ်သော မေးခွန်းအတွက် ဆုသက်ထွေးက အဖြေကို ပြည့်စုံအောင် ပေးလိုက် သည်။

'ဟုတ်တာပေါ့. . . ဟုတ်တာပေါ့. . . ဆုသက် ခုလို အဆောင်မှာ လာနေတာကောင်းပါ တယ်. . . လိုတဲ့ အကူအညီရှိရင်လဲ တို့ကို ပြောပါ. . . ကူညီဖို့ အဆင်သင့်ပဲ. . . ပြီးတော့ တို့ကိုလဲ ခင်ပါနော်. . . တို့ ကတော့ ဆုသက်ကို အရမ်းခင်မိနေပြီ. . .'

'ဟုတ်ကဲ့. . . ဟုတ်ကဲ့. . .'

'ဆုသက်ရေ မင်းတော့ သိန်းထီကြီး ဆယ်ခါပြန်ပေါက်တာနဲ့ အတူတူပါပဲ. . . နိုင်နိုင်က ဘယ်မိန်းကလေးနဲ့ပမှ ရောတာမဟုတ်ဘူး. . . ဆုသက်ကိုတော့ ခင်တယ်ပြောပြီးရင်း ပြောရင်း ဖြစ်နေပြီ. . .'

ရဲကို လှမ်းပြောလိုက်သည်။

လူပုံက တည်တည်ငြိမ်ငြိမ်နှင့် မျက်နှာ ခပ်သေသေ ပုံစံနှင့် စကားကို ဖြည်းဖြည်းအေးအေး ပြောတတ်သော မျိုးဆက်နိုင်မှာ လူအေး လူကောင်း တစ်ယောက် ပုံစံတော့ ပေါက်နေသည်ဟု ဆုသက်ထွေး ထင်မိသည်။

'ကဲ. . . ကဲ. . . ရဲကို မင်းတို့ မြန်မြန်စားကြကွာ. . . ဒီမှာ ဆုသက်ထွေး အနေရ အထိုင်ရ ခက်သလို ဖြစ်နေတာ. . . အားနာစရာကောင်းနေပြီ. . .'

'အဟော. . . ရပါတယ်. . .'

'မရမှန်း မရွှေချော မျက်နှာက သိသာနေပါတယ်နော်. . . ကဲ. . . ကဲ. . . ထ ပြန်ကြမယ်'

မကြည်သလို မျက်နှာဖြင့် လဲ့လဲ့က ထရပ်လိုက်သဖြင့် အားလုံးထိုင်ရာမှ ထလိုက်ကြသည်။

♥♥♥

(၆)

'ဟား. . .'

စိတ်ပင်ပန်း လူပင်ပန်းခဲ့ရသမျှကို ဆုသက်ထွေးသည် ခုတင်ပေါ်တွင် ကိုယ်ကို ပစ်လှဲပြီး ဆယ့်ငါးမိနစ်ခန့် ငြိမ်ငြိမ်ကလေး အနားယူပစ်လိုက်မိသည်။

အသက်ရှူချောင်ပြီး နေသာထိုင်သာရှိသွားတော့မှပဲ အိပ်ရာမှ ထကာ လုပ်စရာရှိတာများ ကို လုပ်လိုက်သည်။

'ဘယ့်နှယ်လဲ အလုပ်သမား အသစ်စက်စက်ကလေး အတွေ့အကြုံ ရှင်းလင်းပွဲလေး လုပ်ပါဦး. . .'

သူ့ အလုပ်ခြင်းတောင်းကို စားပွဲပေါ် ချပြီး ယဉ်ယဉ်နွဲ့က မီးပူတိုက်နေသော သူ့အနီးတွင် ထထိုင်ကာ မေးလိုက်သည်။

'အားလုံး အဆင်ပြေပါတယ်. . . မမယဉ် ဆိုင်ရှင် ဒေါ်ရှုတီကလဲ

သဘောကောင်းပါတယ်၊ ဆုသက်ကိုလဲ သဘောကျသွားပုံရပါတယ်. . .'

ဆုသက်ထွေးက စိတ်ကျဉ်းကျပ်ခဲ့ရသော ညနေက အ ဖြစ်အပျက်များ ကို ချန်လှပ်ထားခဲ့ ကာ ယဉ်ယဉ်နွယ်ကို ရှင်းပြလိုက်သည်။

'အဆင်ပြေရင် ပြီးတာပါပဲ. . . မမယဉ် အလုပ်သာသွားရတယ်. . . ဆုသက် အဆင်မှ ပြေပါ့မလားလို့ နောက်ဆံတင်းနေမိတာ. . . ကဲ. . . အဝတ် အစား လဲလိုက်ဦးမယ်နော်. . .'

'ဟုတ်ကဲ့. . . မမယဉ်. . . ဒါနဲ့ မမယဉ် ဒီည ထမင်း ဘယ်လိုစားမလဲ. . .'

'ဒီနေ့ ရုံးမှာ ပဲ ကြေးအိုးသောက်ခဲ့တယ်. . . ဆာတော့ ကော်ဖီနဲ့ မုန့်စားလိုက်မယ်လေ. . .'

'ဆုသက် ကြက်ခြေသုပ်တွေ ဝယ်လာတယ်. . . မမယဉ် အတူစားမလို့လေ. . .'

'အို. . . ဘာ ဖြစ်လို့ ပိုက်ဆံအကုန်ခံပြီး ဝယ်လာတာလဲ. . . ဆုသက်မှာ က လခလဲ ရဖို့ အချိန်က လိုသေးတယ်. . . လက်ထဲရှိတာလေးတွေ ချွေသုံးနော်. . . နောက်ဝယ်မလာခဲ့နဲ့ ကြား လား. . .'

'ဟုတ်ကဲ့ မမယဉ်. . .'

ယဉ်ယဉ်နွဲ့ အဝတ်အစားများ လဲလှယ်နေချိန်တွင် ဆုသက်ထွေးက လက်ဖက်ကို သုပ် ထားပြီး အကြွမ်းတစ်အိုးကို အသင့် ဖောက်ထားလိုက်သည်။

ပြီးလျှင် နှစ် ယောက် သား အတူ ထိုင်စားကြရင်း ထွေရာလေးပါး စကားများ ပြောဆိုနေမိ ကြသည်။

'ကဲ. . . ကလေးမ အိပ်ရာဝင်ဖို့ အချိန်ရောက်ပြီ. . . မမယဉ်က မနက်ဖြန် အော့(ဖ်) (ရက် အား) ရတယ်. . . ညီမလေးက အလုပ်ဆင်းရမှာ အိပ်ချည်တော့. . .'

ဆေးကျောစရာ ပန်းကန်များ ကို သယ်ဆောင်ပြီး ယဉ်ယဉ်နွဲ့က အခန်းထဲက ထွက်သွား သဖြင့် ဆုသက်ထွေးလည်း အိပ်ရာဝင်ဖို့ ပြင်ဆင်လိုက်ရသည်။ သည်ညှ

အိပ်ရာဝင်တော့ တော် တော် နှင့် အိပ်မပျော်နိုင်ပဲ ရှိခဲ့သည်။

သည်ညနေက အတွေ့အကြုံနှင့် အ ဖြစ်အပျက်များ ကို ဆုသက်ထွေး တွေးမိလေတိုင်း မနက်ဖြန် ရောက်မည် ကို ကျောချမ်းနေမိပါ၏ ။

'တော် ပြီ တော် ပြီ သူတို့ထက် စောသွားရင်သွား မသွားရင် နောက်ချန်သွားတာပဲ ကောင်း တယ်. . . သူတို့နဲ့ တပူးတွဲ တွဲ တော့ ငါ မလုပ်နိုင်ဘူး. . .'

ဆုံးဖြတ်ချက်တစ်ခုကို ချပြီး ဆုသက်ထွေး မျက်လုံးများ ကို မှိတ်ထားလိုက်တော့သည်။

ယောက်ျားလေး တစ်ယောက် နှင့် လက်ပွန်းတတီးနေခဲ့ဖူးသကဲ့သို့ ယောက်ျားလေး မိတ်ဆွေလည်း မရှိဖူးခဲ့ပါသော ဆုသက်ထွေးမှာ မျက်လုံးများ မှိတ်ထားသည့်ကြားက မျက်နှာ သေနှင့် တည်တည်ငြိမ်ငြိမ် ရှိလှသော မျိုးဆက်နိုင်ကို မြင်ယောင်၍ နေမိ၏ ။

'လူ ကတော့ လူအေးပုံပဲ. . . ကိုရဲကိုတို့ ကိုမိုးဆွေတို့နဲ့တော့ လုံးလုံးမှ မတူဘူး. . . အင်း. . ဘာပဲ ဖြစ် ဖြစ် သူ ယောက်ျားတွေ နဲ့ပါ အကျွမ်းတဝင်မနေတာ အကောင်းဆုံးပါပဲလေ. . .'

ဆုသက်ထွေးသည် ကိုယ့်ကိုယ်ကို ဆုံးမနေလိုက်သည်။

ယဉ်ယဉ်နွဲ့ တစ်ယောက် အိပ်ခန်းထဲ ပြန်ဝင်လာနိုး ဝင်လာနိုး မျှော်လင့်စောင့်စားရင်းက ဆုသက်နွယ် အိပ်ပျော်သွားခဲ့သည်။

♥ ♥ ♥

# (၇)

'ဟယ်. . . ဆုသက်. . . အိပ်ရာထတာ အစောကြီးပါလား. . .'

အသံကို အလုံဆုံးလုပ်၍ နေသော်လည်း ယဉ်ယဉ်နွဲ့က အိပ်ရာမှ နိုးသွားပြီး သူ့ခြင်ထောင် အပြင်ဘက်သို့ ခေါင်းထုတ်ကာ ဆုသက်ထွေးကို မေးလာသည်။

'ဟုတ်ကဲ့. . . ဆုသက် ကားမကျပ်ခင် သွားမလို့ပါ. . . ပြီးတော့ ဆိုင်ကို အစောဆုံး ရောက်တဲ့လူကို ဆုကြေးလဲ ပေးထားလို့ပါ မမယဉ်. . .'

'ဪ. . . အေး အေး ဆာနေမယ်. . . ကော်ဖီဖျော်ပြီး မုန့်နဲ့ စားသွား. . . မမယဉ်ရဲ့ မုန့်ဘူးထဲမှာ မုန့်တွေ ရှိတယ်. . .'

'ဟုတ်ကဲ့ မမယဉ်. . . ဪ. . . ရွှေရည်တို့ လာမေးရင် ဆုသက် သွားပြီလို့ ပြောပေးနော်'

'အေး. . . ပြောပေးမယ်. . . ညစာကို အဆောင်မှာ ပဲ မမယဉ်နဲ့စား. . . ချက်ထားမယ်. . . အပြင်က စားမလာနဲ့. . . နော်. . .'

'ဟုတ်ကဲ့. . . မမယဉ်. . .'

ယဉ်ယဉ်နွဲ့ ခြင်ထောင်ထဲသို့ ခေါင်းပြန်ဝင်သွားသည်။

ဆုသက်ထွေးလည်း အမြန်ဆုံး ဖြီးလိမ်းပြင်ဆင် ဝတ်စားပြီးသည်နှင့် တစ်ပြိုင်နက် အဆောင်အပေါ်မှ ဆင်းခဲ့သည်။

လမ်းပေါ်တွင် ရင်တဒိတ်ဒိတ်နှင့် ပါ။

ရဲကိုတို့ အုပ်စုနဲ့များ တိုးမိလေမလားဟု. . .။

ကံကောင်း ထောက်မစွာ ကားဂိတ်ဆီသို့ ချောမောစွာ ရောက်ခဲ့ရပါသည်။

သူ ဆိုင်ရှေ့ရောက်တော့ ဆိုင်စောင့်ကြီး ဦးငွေရ လက်ဖက်ရည်ဆိုင်ထဲက ထွက်လာသည် ကို တွေ့ရသည်။

'ဟ. . . စောလှချည်လား ကလေးမ. . . ကျုပ်တောင် ခုမှ ဆိုင်ဖွင့်ရမှာ . . .'

'ဖွင့်လေ. . . ဆုသက် ကူဖွင့်ပေးမှာ ပေါ့. . . ဒီလောက် စောစောလာမှ ကားချောင်တာ ဦးငွေရကြီးရဲ့. . .'

'အေး. . . အဲဒါလဲ ဟုတ်တာပဲ. . . အင်း. . . နင့်ကိုတော့ ဒေါ်ရှုတီကြီးက သဘောကျနေပြီ. . . နှစ် ကူးရင်တော့ နင် အံပေါင်း ကောင်းကောင်းရမှာ သေချာတယ်. . .'

အားရပါးရကြီး ပြောလိုက်သော ဦးငွေရကို ကြည့်ကာ ဆုသက်ထွေး ပြုံး လိုက်မိသည်။

ဦးငွေရက သူ့ ခါးကြားမှ သော့တွဲ ကြီးကို ဖြုတ်ကာ ဆိုင်သော့များ ကို လိုက်ဖွင့်လိုက်သဖြင့် ဆုသက်ထွေးလည်း သူ့ကို တတ်အားသမျှ ဝင်ကူလိုက်သည်။

မနေတတ်သူ တစ်ယောက် ဆိုတော့ အများ တကာတွေ ရောက်လာချိန်မှာ သူက ချွေးတွေ သံတွေ ထွက်နေပြီ ဖြစ်သည်။

ကိုယ်ရောင် ကိုယ်ဝါ တောက်ပစွာ ဖြင့် ဆိုင်ထဲဝင်လာသော ရွှေရည်ဝင်းနှင့် လဲ့လဲ့က သူ့ကို သနားစရာ သတ္တဝါတစ်ကောင်လို ကြည့်လိုက်ကြသည်။

'အဟော. . . ရွှေရည်တို့ရောက်လာပြီကိုး. . . ဆုသက်တော့ ကားချောင်ချောင်စီးချင်လို့ စောထွက်ခဲ့လိုက်တာ. . .'

ဆုသက်ထွေးက မျက်နှာကလေး မထားတတ်သလို ထားတတ်သလိုနှင့် စနှုတ်ဆက်လိုက် သည်။

'အလုပ်လုပ်လို့ ငွေပိုရတယ်ဆိုတာ ကတော့ ဟုတ်ပါတယ်. . . ဒါပေမယ့် ဒီလောက်ကြီးလဲ လုပ်ဖို့မလိုပါဘူး. . . ချွေးတွေ ရွှဲလို့. . . ပြီးတော့ သနပ်ခါး လိမ်းထားတဲ့လူဆိုတော့ အကြောင် အကြားကို ဖြစ်နေတော့တာပဲ. . .'

ဆုသတ်ထွေးက လဲ့လဲ့၏ စကားအဆုံးတွင် ကပျာကယာ မှန်ဘက်သို့ လှည့်လိုက်သည်။

'အဲ. . . ဟုတ်ပါရဲ့. . .'

ဆုသက်ထွေးက ခါးကြားက လက်ကိုင်ပဝါဖြင့် သူ့မျက်နှာက အကြားအစင်းများကို သုတ် လိုက်သည်။

'ရော့. . . အဲဒါနဲ့ ပွတ်ရုံနဲ့ ဘာရမှာ လဲ. . . ဒီမှာ ပြီးရင် ခရပတ်(ဖ်) တို့ပြီး နှုတ်ခမ်းလေး ဖြစ် ဖြစ် ဆိုးထားလိုက်. . .'

သူ့ ပိုက်ဆံအိတ်ကိုဖွင့်ပြီး ရွှေရည်ဝင်းက ခရင်ပတ်(ဖ်) ဘူးနှင့် နှုတ်ခမ်းဆိုးဆေးတောင့် ကို ထုတ်ပေးသွားခဲ့သည်။

'ဟုတ်. . . ဟုတ်ကဲ့. . . ကျေးဇူးပဲ. . .'

ဆုသက်ထွေးသည် ကပျာကယာ နဖူးကချွေးတွေ သုတ်ပြီး ခရင်ပတ်(ဖ်) တို့ကာ နှုတ်ခမ်း ဆိုးဆေးလေးကို ဆိုးလိုက်သည်။

အထောက်အကူပစ္စည်းကလေးများ သက်ရောက်သွားသော သူ့မျက်နှာသည် ပို၍ လှပ လာကြောင်း တွေ့လိုက်ရသည်။

'အင်း. . . ငါလဲ နှုတ်ခမ်းဆိုးဆေးလေး. . . ခရင်ပတ်(ဖ်)လေး ဝယ်ဆောင်ထားဦးမှပါပဲ၊ အို ပြောနေကြာပါတယ်လေ. . . ဒီဆိုင်မှာ ရှိနေတဲ့ဥစ္စာပဲ. . . ခုပဲ ဝယ်လိုက်ရုံပေါ့. . .'

အလှပြင်ပစ္စည်း ကောင်တာတွင် သည်နေ့ အတွက် ဈေးဦးကို ဆုသက်ထွေးကဖောက် လိုက်သည်။

သူ့ကိုကြည့်ပြီး တစ်ယောက် တစ်ယောက် လှမ်း၍ မေးငေါ့ပြကာ ရွှေရည်ဝင်းနှင့် လဲ့လဲ့ တို့က ရယ်နေကြသည်။

'ငါ့ကို လှောင်နေတာများ လား. . . အင်း. . . ဒီလောက် တော့ရှိမှာ ပေါ့လေ. . .'

'ကျေးဇူးပဲ ရွှေရည်. . . ခဏ ခဏ ယူသုံးရမှာ အားနာလို့ ဆုသတ် ဝယ်ထားလိုက်ပြီ. . .'

'ကောင်းပါတယ် အိုင်းလိုင်နာလေး. . . ဘရပ်(ရှိ)အွန်ကလေးလဲ ဝယ်ဦး. . . ပြည့်စုံသွား အောင်ပေါ့. . .'

'အာချိတို့ ပရိုမီနာတို့ ရေမွှေးတို့လဲ ဝယ်ခိုင်းဦးလေ. . . ရွှေရည်ရဲ့ . . . အဲဒါမှ ပြည့်စုံမှာ . . .'

'အဲ. . . ဟုတ်သားပဲ. . .'

'အဟင်း. . . ရွှေရည်တို့. . . ပြောတာတွေ ကို ဆုသက်က ဖြည်းဖြည်းတော့ ဝယ်မှာ ပါ. . . ခုတော့ ဒီလောက်ပဲ တော် ပြီ. . .'

လိုက်ဆုံးနိုင်သော အမျိုးသမီး အလှပြင်ပစ္စည်းများ အကြောင်းကို သူ့ မမမေသော် ဆီမှာ ကတည်းက သိပူးမြင်ဖူးထားသဖြင့် ပခုံးကလေး တစ်ချက်တွန့်ပြီး ဆုသက်ထွေးသည် ကိုယ့် အရောင် းကောင်တာဆီသို့ ကိုယ်အသာ ပြန်လှည့်လာလိုက်သည်။

♥ ♥ ♥

ဆိုင်ရှင် ဒေါ်ရှုတီသည် မနက်ရောက်လာသော အခါတွင် မနေ့က ဝယ်လာသော ပစ္စည်း သစ်များ ကို သူ့ကောင်တာအလိုက် ခွဲဝေပေးလိုက် သည်။

ဆုသက်ထွေးမှာ လျှပ်စစ်ထမင်းအိုးများ ၊ သစ်သီးဖျော်စက်များ ၊ ပန်းကန်များ ၊ ဖန်ခွက်များ နှင့် အခြားမီးဖိုဆောင် အသုံးအဆောင် ပစ္စည်းများ ကို နေရာလည်း ချရ. . . ဈေးလည်း ရောင် းရနှင့် တစ်မနက်ခင်းတည်းနှင့် လူက အတော် ဟိုက်ဆင်းသွားခဲ့သည်။

'ဆုသက်ထွေး နင်ကိုက ဒီနေရာနဲ့ စပ်ဟပ်တယ်ထင်တယ်. . . ဒီနေ့ နင့်ပစ္စည်းတွေ သိပ်ရောင် းနေရပါလား. . .'

'စနေ တနင်္ဂနွေနဲ့လဲ နီးလာပြီလေ. . . မင်္ဂလာဆောင်တွေ . . . လက်ဖွဲ့တွေ ရှောင် းရပြီ ပေ့ါ အန်တီရှုရဲ့ . . .'

'အဲဒါလဲ ဟုတ်တာပဲ. . . ငါ မနေ့က ထပ်ယူလာတဲ့ တီးဆက်ဘူးလေးတွေ . . . ဖန်ခွက် တွေ အတော် တောင် ကုန်နေပြီ ရွှေရည်. . .'

'ထပ်ရဦးမှာ လား. . .'

'အရောင် းသွက်တဲ့ပစ္စည်းဆိုရင် ကိုယ်ကပဲ ရအောင် ယူရမှာ ပေ့ါ. . .'

သည်နေ့လယ်တွင် လည်း ဈေးရောင် းကောင်းကြသဖြင့် ဒေါ်ရှုတီက အအေးစိမ့် ပက်စီ ပုလင်း တစ်ယောက် တစ်လုံး ပေးသောက်လာသည်။

ဆိုင်ရှင် ကိုယ်တိုင် ကျေနပ်ပြီး တပြုံး ပြုံး ဖြင့် နေသည်မို့ ဆုသက်ထွေးလည်း အလုပ်လုပ်ရ သည်ကို ပင်ပန်းသည် မထင်ဘဲ ပြုံး ပျော်၍ နေမိသည်။

သို့နှင့် . . .

တစ်နေ့တာ အလုပ်နားချိန်သို့ ရောက်ရှိလာကြသည်။

ရွှေရည်ဝင်းနှင့် လဲ့လဲ့တို့သည် အပြန်ခရီးအတွက် သူတို့ မျက်နှာကလေးတွေ ကို ခြယ်သမှု ပြုပြီးကြသည်နှင့်ညှ တစ်ပြိုင်နက် ဆုသက်ထွေးကို လှမ်းနှုတ်ဆက်လိုက်သည်။

'ရွှေရည်တို့ သွားမယ်. . .'

'ဟုတ်ကဲ့. . .'

ဆုသက်ထွေး တစ်ယောက် သူတို့က သူ့ကို အတင်းအဓမ္မ ခေါ်ခြင်း မပြု ကြသဖြင့် အရမ်း ဝမ်းသာသွားမိသည်။

'ပျော်လိုက်တာ. . . ငါ မနက်က စောထွက်ခဲ့တာ မှန်သွားတယ်. . . သူတို့နဲ့အတူ မသွား ချင်မှန်းသိသွားတာပေ့ါ. . . ဟား. . . ငါ စိတ်ပင်ပန်းစရာ အကြောင်းမရှိတော့ဘူး. . .'

သူတို့နောက်မှ မိနစ်နှစ် ဆယ်ခန့် ချန်ပြီး ဆုသက်ထွေး ဆိုင်ထဲက ထွက်ခဲ့သည်။

ရွှေရည်ဝင်းတို့ကို အရိပ်အရောင် သော် မျှမတွေ့ရတော့ပါ။

ပေါ့ပါးသွက်လက်သော စိတ်ဖြင့် ရေခဲချောင်းကလေးတစ်ချောင်းဝယ်လိုက်ရင်း ကားဂိတ်ဆီ သို့ လျှောက်လာသည်တွင် သူ့ အနီးသို့ရောက်ကာမှ လမ်းဘေးတွင် ရပ်ထားသော ကားနီနီကလေး ၏ ရှေ့ခန်းတံခါးပွင့်လာပြီး လူ တစ်ယောက် ရုတ်တရက် ထွက်လာသည်ကို တွေ့လိုက်ရသည်။

'ဟင်. . . ကိုမျိုးဆက်နိုင်'

'ဟုတ်ပါတယ် ဆုသက်. . . တို့ မင်းကို စောင့်နေတာပါ. . .'

ကား နောက်ခန်းတံခါးကို သူက ဖွင့်ပေးရင်း ပြောလိုက်သည်။

'အို. . . မလိုက်နိုင်ပါဘူး. . . ရှင့်နောက် လိုက်ရလောက်အောင်လဲ ရှင့်ကို ကျွန်မ မခင် သေးဘူး. . .'

'ဒီလိုမလုပ်နဲ့လေ. . . ဟိုမှာ လူတွေ လှမ်းကြည့်နေတယ်. . . တို့က ဆုသက် တစ်မျိုးတစ် မည် ထင်သွားမှာ စိုးတယ်လေ. . . အို. . . ဆုသက်ကို အဆောင်ကိုပဲ ပြန်ပို့ပေးမှာ ပါ. . . တို့စေတ နာကို တလွဲမထင်ပါနဲ့. . . ဆုသက်ရယ်. . . ကားပေါ်တက်လိုက်ပါ. . .'

သူနှင့် မျိုးဆက်နိုင်ကို သို့လော သို့လော ကြည့်နေကြသော လူတွေ ၏ မျက်လုံးများ ကို တွေ့မြင်ရသော အခါ ဆုသက်ထွေး အရှက်လွန်ပြီး မူးဝေချင်သလို ဖြစ်လာသည်။

ဆုသက်ထွေးလည်း ရုက်ရုက်နှင့် ကားပေါ်တက်လိုက်သည်။

မျိုးဆက်နိုင်က သူ့အတွက် ကားတံခါးကို ပိတ်ပေးပြီး ကားရှေ့ခန်းသို့ ကြွေရရ တက်ကာ ကားကို စက်နှိုးလိုက်သည်။

'တို့ကို စိတ်မဆိုးပါနဲ့နော်. . . တို့က ဆုသက်ကို မြင်မြင်ခြင်း သိပ်ကို ခင်သွားမိတယ်. . . ဆုသက်က ရွှေရည်တို့ လဲ့လဲ့တို့လို မိန်းမစားကလေးမျိုး မဟုတ်ဘူးဆိုတာလဲ မနေ့ ညနေ ကတည်းက တို့သိထားတာ. . . တို့လေ မနေ့က ဆုသက်ကို

အရမ်းအားနာနေမိတယ်. . . သနား လဲ သနားမိတယ်. . . ဒီမနက် သူတို့ကို ကြိုပို့ပေးဖို့ ဟိုကောင်တွေ သွားကြတော့ ဆုသက် မနက် အစောကြီး ထလစ်ပြေးသွားတယ်လို့. . . ရွှေရည်က ပြောတယ်. . . ဆုသက် လိမ္မာလိုက်တာလို့ တို့ တွေ းမိတယ်လေ. . .'

ကားကို ဖြည်းညှင်းစွာ မောင်းရင်း မျိုးဆက်နိုင်က စကားတွေ အဆက်မပြတ် ပြောလာ ခဲ့သည်။

ဆုသက်ထွေး ကတော့ မျက်နှာမူ နှမ်မူ နှကလေးနှင့် ကျောကလေး တောင့်တောင့်ထားထိုင် ကာ ငြိမ်သက်နေ၏ ။

'ဆုသက်တို့ကို စိတ်ဆိုးတုန်းပဲလားဟင်. . . တို့လဲ ဆုသက် သူတို့နဲ့ ရောရောထွေးထွေး နေတာ မကြိုက်ဘူး. . . အဲဒါလဲ သတိပေးရင်း ဆုသက် တိုးတိုး ခွေ့ခွေ့ ပြန်နေရမှာ စိုးတာနဲ့ လိုက်ပို့ပေးချင်တာ. . .'

'ဒီနေ့တော့ ရှိပါစေတော့ နောက်နေ့ ဆုသက်ကို အကြိုအပို့ လုပ်ဖို့ လုံးဝ စိတ်မကူးပါနဲ့. . ဆုသက်ကို ပတ်ဝန်းကျင်က ဘယ်လိုအမြင်မျိုး အထင်မျိုးမှ မရှိစေချင်ဘူး ကိုနိုင်နိုင်. . .'

'ဆုသက်ရယ်. . . တို့က ဆုသက်ကို ခင်မင်မိလို့ကွာ. . .'

ဝမ်နည်းသံဖြင့် မျက်နှာ ညှိုး ညှိုး လျလျ ဖြစ်ကာ မျိုးဆက်နိုင်က ပြောလိုက်သည်။

'ဆုသက်ကို တွေ့ တဲ့ကြုံတဲ့အခါ မိတ်ဆွေ တစ်ယောက် လို ခေါ်နိုင်ပြောနိုင်ပါတယ်. . . ကိုနိုင်နိုင်. . . ဒါပေမယ့် အလုပ်သွား အလုပ်ပြန်တော့ ဒီလို ကြို လားပို့လား မလုပ်ပါနဲ့. . . ဟိုရှေ့မှာ ကားမှတ်တိုင်ရှိတယ်. . . ကားကိုရပ်ပေးပါ. . . ဆုသက် ဆင်းမယ်. . .'

'ကောင်းပြီလေ. . .'

မျက်နှာညှိုး ငယ်ငယ်နှင့် မျိုးဆက်နိုင်က ကားဂိတ်အနီးတွင် ကားကို

ထိုးရပ်ပေးလိုက် သည်။

ဆုသက်ထွေး ကားပေါ်မှ ဆင်းလိုက်သည်။

'ကျေးဇူးပဲ. . .'

တည်တည်ကြည်ကြည် မျက်နှာကလေးဖြင့် အပိုမလိုမရှိ ပြောပြီး ကားမှတ်တိုင်ဆီသို့ ဆုသက်ထွေး လှမ်းခဲ့သည်။

ကားတစ်စီးရောက်လာ၍ ကားပေါ်သို့ သူ တက်သွားကာမှ မျိုးဆက်နိုင်လည်း သူ့ကားကို စက်နှိုးလိုက်သည်။

ကားပေါ်က ဆင်းပြီး အဆောင်ဆီသို့ လျှောက်သည့်အခါတွင် သူ့နံဘေးလမ်းပေါ်မှ ကားတစ်စီး ဖြတ်မောင်းသွားသည်။ မှတ်မှတ်ရရ သိနေသော ကရီနာ ကားနီနီကလေး တစ်စီး. . .

'ဩော်. . . ဒုက္ခပါပဲ. . .'

ထိုမျှသာ ညည်းလိုက်မိပြီး ဆုသက်ထွေးသည် အဆောင်ရှိရာလမ်းသို့ ကွေ့ဝင်လိုက်သည်။

♥ ♥ ♥

(၈)

'အောင်မယ်. . . ဆုသက်က အလှပြင်ပစ္စည်းတွေ ဘာတွေ ဝယ်လို့ပါလား. . .'

'ဟုတ်တယ်. . . မမယဉ်. . . ဆိုင်ရှင် အန်တီကြီးက သူကိုယ်တိုင်လဲ အလှအပ ပြင်တယ်၊ အရောင်းစာရေး မတွေ ကိုလဲ အဝတ်အစား လှလှပပဝတ်ပြီး လှလှပပပြင်တာ ဆင်တာ ကြိုက် တယ်လေ. . . ဒါကြောင့် ဆုသက်လဲ နည်းနည်း ပါးပါး ဒါတွေ သုံးရမလို

ဖြစ်လာတာနဲ့. . . ဒီနေ့ပဲ ဝယ်လာခဲ့တာ. . .'

ဆုသက်ထွေးက ဝယ်လာသော ပစ္စည်းကလေးများ ကို စားပွဲပေါ်တင်ရင်း ပြောလိုက်သည်။

'အေးလေ. . . သူ့ဆိုင်မှာ လုပ်တော့ သူ့အကြိုက်လိုက်ရမယ်ဆိုတာ သဘာဝကျပါတယ်၊ ဒီပစ္စည်းတွေ ကူလိုက်ရင်. . . ဆုသက် လှသထက် လှသွားမှာ ပေါ့. . .'

ဆုသက်ထွေးက ရှက်ဝဲဝဲလေးပြုံး ရင်း ချိတ်ဖြင့် ချိတ်ထားသော သူ့အင်္ကျီလေးကို လှမ်းယူ လိုက်သည်။

'ဆုသက်နဲ့အတူစားဖို့ မမယဉ် မရမ်းသီးသုပ်နဲ့ ဝက်သား ဆီပျံ ချက်ထားတယ်. . .'

'အို. . . အားနာလိုက်တာ. . .'

'ဘာလဲ မစားချင်ဘူးလား. . .'

'ပြောပြတာနဲ့ သွားရေတောင် ယိုလာပြီ မမယဉ်ရဲ့. . . .'

'ဟို တစ်ခန်းကျော်က ရခိုင်မကလဲ ရခိုင်စပ်သီးထောင်း ပေးထားသေးတယ်လေ. . .'

'အို. . . ထမင်းစားလို့ မြိန်မှာ သေချာပြီ. . .'

'ကဲ. . . ကဲ. . . အဝတ်အစား မြန်မြန်လဲ. . . အောက်ထပ် ထမင်းစားခန်းမှာ ပဲ သွားစားကြ မယ်. . .'

'ဟုတ်ကဲ့. . . မမယဉ်. . .'

ဆုသက်ထွေးသည် တစ်ပတ်နွမ်း အဝတ်အစားကလေးများ ကို ကပျာကယာလဲလှယ်လိုက် ပြီး ယဉ်ယဉ်နွဲ့နောက်သို့ လိုက်လာခဲ့လိုက်သည်။

အဆောင်နေသူများ အသီးသီး စားသောက်ပြီးစီးသွားကြပြီမို့. . . ထမင်းစားခန်းထဲတွင် ယဉ်ယဉ်နွဲ့နှင့် ဆုသက်ထွေးနှစ် ယောက် သာ စားဖို့ ကျန်

ကတော့သည်။

'ဒီအချိန်က လူရှင်းတယ်. . . စားရတာ လဲ အေးအေးဆေးဆေး ရှိတယ်. . . ကဲ ထည့်စား သဘောရှိပဲ. . .'

ဆုသက်ထွေးသည် သူ့ထက် အသက်ကြီးသော ယဉ်ယဉ်နွဲ့၏ ထမင်းပန်းကန်ထဲသို့ ဟင်း ကို ဦးချပြီးမှ သူ့ပန်းကန်ထဲသို့ ခပ်ထည့်လိုက်သည်။

ဆုသက်ထွေး၏ ယဉ်ကျေးသော သိတတ်မှု ကလေးများ ကိုကြည့်ကာ ယဉ်ယဉ်နွဲ့စိတ်ထဲက ချီးကျူး မိလိုက်သည်။

'ညနေက ရွှေရည်တို့ ပြန်လာတော့ သူတို့ကားနဲ့များ ဆုသက်ပါလားမလားလို့ မမယဉ် ကြည့်နေသေးတယ်. . .'

'ဆုသက်ကို ခေါ်ပါတယ်. . . မလိုက်ချင်လို့ ဘတ်(စ်)ကားနဲ့ ပြန်လာခဲ့တာ. . .'

'ဘတ်(စ်)နဲ့ ပြန်ရတာ တိုးတိုးဝှေ့ဝှေ့တော့ နိုင်တာပေါ့ ဆုသက်ရယ်. . . ဒါပေမယ့် ကိုယ့် သိက္ခာကိုတော့ မပွန်းမပဲ့ နိုင်ဘူးလေ. . .'

'ဟုတ်ပါတယ်. . . မမယဉ်. . .'

'ဆုသက်က အတွေ့အကြုံမရှိတဲ့ မိန်းကလေး တစ်ယောက် ဆိုတော့ ဆုသက်အတွက် မမယဉ် စိုးရိမ်တယ်. . . အတုမြင် အတတ်သင် မိမှာ ကိုလေ. . .'

'ဆုသက် မမယဉ်ရဲ့ စေတနာကို သဘောပေါက်ပါတယ်. . .'

'ကောင်းတဲ့ အကျင့်သီလတစ်ခုကို ဆောက်တည်ထိန်းသိမ်းသွားဖို့က အတော် ခဲယဉ်း တယ်. . . ဆုသက် မကောင်းတဲ့ အကျင့်တစ်ခုကို ကျူး လွန်မိဖို့ အရလွယ်ဖို့က သိပ်မြန်တယ်. . . တံငါနားနီး တံငါ. . . မုဆိုးနားနီး မုဆိုးလို ကျင့်ကြံတတ်မိတဲ့ သဘောမျိုးတွေကို ကြံ့ကြံ့ခံနိုင်ဖို့ ခဲယဉ်းကြတယ်. . . အဲဒါကို ဆုသက် သဘောပေါက်ဖို့ လိုတယ်. . .'

'ဟုတ်ကဲ့ပါ မမယဉ်. . .'

'အင်း. . . ဆုသက် ကတော့ မမယဉ်ကိုများ စိတ်ကုန်မလားမသိဘူး. . . တွေ့တိုင်း ဒီစကားတွေ ပြောနေလို့. . .'

'အို. . . စိတ်မကုန်ပါဘူး. . . ဆုသက်အပေါ် စိတ်စေတနာထားလို့ ဒီစကားမျိုးတွေ ပြောနေတာ. . . ဆုသက်က ကျေးဇူးတောင် တင်နေပါသေးတယ်. . .'

ယဉ်ယဉ်နွဲ့၏ မျက်နှာ ရှင်းသန့်သန့်ပေါ်တွင် အပြုံး ကလေးတစ်ချက် ဝင်းလက်သွားသည်။

'ဟင်းတွေ ထည့်စားလေ ဆုသက်. . .'

'ဆုသက် ထည့်စားပါတယ်. . . ဟင်းရော အသုပ်ရော သိပ်ကောင်းတာပဲ မမယဉ်ရယ်'

'ဆုသက် ထမင်း မြိန်တာတွေ့ရလို့ မမယဉ် ဝမ်းသာမိပါတယ်. . .'

ခင်မင်စရာကောင်းလှသော ယဉ်ယဉ်နွဲ့ကို မျိုးဆက်နိုင်အကြောင်း တစ်နေ့ ဖွင့်ပြောရ နိုးနိုး ဖွင့်ပြောရနိုးနိုး ချိန်ဆနေရင်းကပင် သူ့ကို မနက်အလုပ်သွားချိန် တစ်ခေါက်. . . အဆောင်ပြန်ချိန် တစ်ခေါက် ဇွဲကြီးစွာ ဖြင့် နောက်ယောင်ခံလိုက်နေသော မျိုးဆက်နိုင်ကို သနားသလိုလို ဖြစ်လာမိ သည်။

တစ်ညနေမှာ တော့ ဘယ်တုန်းက သူ့ကိုချောင်းနေမှန်းမသိသော လူရွယ် တစ်ယောက် သူ့ကို စကားလိုက်ပြောလာ၏ ။

ဆုသက်ထွေး ခြေလမ်းတွေ မှာ းပြီး လမ်းမလျှောက်တတ်အောင်ပင် ဖြစ်လာသည်။

ဤအခြင်းအရာကို တွေ့မြင်လိုက်ဟန်တူသော မျိုးဆက်နိုင်သည် ဝုန်းခနဲ သူ့ကားပေါ်မှ ဆင်းကာ ဆုသက်ထွေး၏ အနီးသို့ ရောက်ရှိလာ၏ ။

'ဆုသက် ဘာ ဖြစ်တာလဲ. . .'

'ဘာ. . . ဘာမှ မ ဖြစ်ပါဘူး. . .'

ဆုသက်ထွေးကို လိုက်စကားပြောနေသူသည် မျက်နှာကြီး မှု န်သိုးသိုးနှင့် ရောက်လာသူကို တစ်ချက်ကြည့်ပြီး ဆုသက်ထွေး၏ အနီးမှ လမ်းတစ်ဘက်ဆီသို့ ခွဲထွက်သွား၏ ။

'တောက်. . . ထွက်သွားလို့ပေါ့ကွာ. . . နို့မဟုတ်ရင် အကွဲပဲ. . .'

'အို. . . နေပါစေ. . . ကျော်မကောင်း. . . ကြားမကောင်း ဖြစ်နေပါ့မယ်. . . ကိုနိုင်နိုင်ရယ်'

ဆုသက်ထွေးက အထိတ်တလန့် ဖြစ်ဟန်ဖြင့် ပြောလိုက်သည်။

'ဆုသက်ရာ. . . လာပါ. . . တို့ လိုက်ပို့ပေးပါရစေ. . . တို့ ဆုသက် ဣန္ဒြေပျက်လောက် အောင် ဘာမှလုပ်မယ့်ကောင် မဟုတ်ပါဘူး'

နောက်ဆုံးတွင် တော့ ဆုသက်ထွေးသည် ပင့်သက်ရှိုက်ရင်း သူ တံခါးဖွင့်ပေးလိုက်သော ကားနောက်ခန်းသို့ တက်လိုက်မိတော့သည်။

ကားသည် ဖြေးညင်းစွာ ရပ်တံ့ထားရာမှ ထွက်လာခဲ့သည်။

'ကိုနိုင်နိုင်မှာ ဘာအလုပ်မှ မရှိဘူးလား ဟင်. . .'

ဆုသက်ထွေးက ကားကို မောင်းနှင်နေသော မျိုးဆက်နိုင်ကို အတန်ကြာအောင် အကဲခတ် ကြည့်နေပြီးမှ မေးလိုက်သည်။

'ဘာ ဖြစ်လို့ မေးတာလဲ ဟင် ဆုသက်. . .'

'အလုပ်မရှိ တစ်ရာ့ကိုး တစ်ရာ့တစ်ဆယ်လို မနက်တွေ ့ရ. . . ညတွေ ့ရ ဖြစ်နေလို့ပေါ့. . .'

'ဟာ ပြောရက်လိုက်တာဗျာ. . . ကိုယ့်ဘဝအတွက် အဖော်မွန် တစ်ယောက် ကို မျှော်လင့် တောင့်တနေခဲ့မိတဲ့အချိန် နာရီ မိနစ် စက္ကန့်တိုင်းဟာ ဘယ်လောက်တန်ဖိုးကြီးတယ်. . . ကိုယ့် အတွက် ဘယ်လောက်အရေး ပါတယ်ဆိုတာ ကိုယ့်ကိုယ်ကိုပဲ သိနိုင်တယ်. . . ဆုသက် ပြောလိုက် တဲ့ စကားအတွက် တို့ သိပ်ဝမ်းနည်းသွားမိတယ်ကွာ. . .'

မျက်နှာကြီး ညှိုး ကျသွား၍ ဆွေးမြည့် နေဟန်မျက်လုံးများ ဖြင့် မျိုးဆက်နိုင်က ဆုသက်ထွေး ကို တစ်ချက်လှည့်ကြည့်လိုက်သည်။

ဆုသက်ထွေးလည်း ရုတ်တရက် ဘာပြန်ပြောရမှန်းမသိဘဲ သူ့လက်မက လက်သည်း ကလေးထိပ်ကို ကိုက်ရင်း ကားပြူတင်းပေါက်မှ လမ်းတစ်ဘက်ဆီသို့ ကြည့်နေ၏ ။

'လဲ့လဲ့က ပြောတယ်. . . ဆုသက်က အလကားဈေးကိုင်နေတာတဲ့. . . တို့က ဒီလို မမြင် ဘူး. . . ရိုးသားတဲ့ ဆုသက် အရှက်အကြောက်ကြီးနေတာလို့ မြင်တယ်. . . မိန်းကလေးကောင်း တစ်ယောက် ဣန္ဒြေ ထိန်းသိမ်းနေတာလို့ ထင်တယ်. . . ဒါကြောင့် လဲ ဆုသက် ဣန္ဒြေပျက်မှာ စိုးလို့ တို့ ဝေးဝေးကပဲ စောင့်ကြည့်နေမိခဲ့တယ်လေ. . .'

ဆုသက်ထွေး ငြိမ်နေမိသည်။

သူ့ကို ပြန်ပြောစရာလည်း ရှာမတွေ့နိုင်သေးဘဲလဲ ရှိနေ၏ ။

'ဆုသက်. . .'

'ဟင်. . .'

'ဆုသက်တို့ကို တစ်ခုခု ပြောပါဦးလေ. . .'

'ဘာပြောရမှာ လဲ. . . ဆုသက်မှာ ပြောစရာ ဘာမှ မရှိဘူး. . .'

'တို့မှာ တော့ ဆုသက်ကို ပြောစရာ စကားတွေ ရင်နဲ့မဆံ့အောင် ရှိနေတယ်. . .'

'ဟိုလူက ဆုသက်ကို လမ်းပေါ်မှာ လိုက်ပြီး စကားပြောတယ်. . . ကိုနိုင်နိုင်က ကားပေါ် တင်ခေါ်လာပြီး စကားပြောတယ်ဆိုရင်တော့ ညီမျှခြင်းချလိုက်ရင် သူနဲ့ ကိုနိုင်နိုင် အတူတူပဲ ဖြစ်မယ်'

'မနှိုင်းပါနဲ့ ဆုသက်. . . မတူနိုင်ပါဘူး. . . ဘယ်နည်းနဲ့မှ မတူနိုင်ပါဘူး. . .'

'အဟင်း. . . ယောက်ျားတွေ ဒီလိုပဲ ပြောတတ်ကြတယ်နဲ့ တူပါတယ်. . .'

'ဆုသက်ကို ဒီလိုပဲ ပြောခဲ့ဖူးတဲ့ လူရှိနှင့် ပြီးလို့လား. . .'

'အို. . . ဆုသက်ကို ပြောတာ မဟုတ်ပါဘူး. . . မမ မေသော် ကို ဦးစောဦးက ပြောတာပါ. . ဆုသက်ကို ကိုစောဦးကို ကြည့်ပြီး ယောက်ျားတွေ ကို ကြောက်တယ်. . .'

'ဆုသက် ကြောက်ရမယ့် ယောက်ျားအမျိုးအစားထဲမှာ တို့မပါဘူးကွာ. . . တို့ဘဝက ဆုသက်ပဲ. . . ဆုသက်ကို တွေ့ပြီးတဲ့နေ့ကစပြီး တို့အသက်ရှင်ရပ်တည်နေမှု ဟာ ဆုသက်ပေါ်မှာ ပဲ တည်နေပြီလို့ တို့ ယူဆလခိုက်တယ်. . . ကုန်ကုန်ပြောလိုက်မယ်. . . ဆုသက်ရယ်. . . တို့လေ တို့ မနေ့က ဒီကအပြန်မှာ တို့ အိမ်က ဖုန်းလာတယ်. . . တို့ မေမေ သိပ်နေမကောင်းလို့တဲ့. . .'

'ဟင်. . . အဲဒါများ ဘာ ဖြစ်လို့ တောင်ကြီးကို မပြန်တာလဲ. . .'

'ဆုသက်ဆီက တစ်စုံတစ်ခု အဖြေမရမချင်း မပြန်ဘူးလို့ ဆုံးဖြတ်ထားလို့လေ. . .'

'အို. . . ကိုနိုင်နိုင်က မိုက်လိုက်တာ. . . မအေဆိုတာ အစားမရဘူး. . . မတော် လို့ တစ်စုံ တစ်ခု ဖြစ်သွားရင် ဘယ်နှယ့်လုပ်မလဲ. . .'

'ဒါကို တို့ မသိဘဲ ရှိပ့ါမလား. . . ဆုသက်ရယ်. . .သိသိကြီးနဲ့ တို့ ရန်ကုန်ကနေ မခွာနိုင် အောင် ဖြစ်နေရတာ ပါ. . .'

'အို. . . မဟုတ်သေးပါဘူး. . . ကိုနိုင်နိုင်ရယ်. . ရှင် သိပ်မှာ းနေပြီလို့ ဆုသက် ထင်တာပဲ'

'ဆုသက်. . .'

ဆုသက်ထွေးက နှုတ်ကမထူးဘဲ မျိုးဆက်နိုင်ကို မျက်လုံးတစ်ချက် လှန်ကြည့်လိုက်သည်။

'တို့အချစ်ကို ဆုသက် အသိအမှတ်ပြုပါကွာ. . .'

'အတင်းကြီးပါပဲလား. . . ကိုနိုင်နိုင်က ဆုသက်ကို ချစ်နေပါတယ်ဆိုပေမယ့်

ဆုသက်က ကိုနိုင်နိုင့်ကို မချစ်သေးတာ. . .'

မျိုးဆက်နိုင်၏ မျက်နှာသည် မဲ့ခနဲ ဖြစ်သွား၏ ။

အတန်ကြာအောင် ငြိမ်သွားပြီးမှ. . .

'အင်း. . . ဒါလဲ ဟုတ်တာပဲလေ. . . တို့က ဘယ်လောက်ပဲ ဆုသက် အချစ်ကို တောင်းခံ တောင်းခံ ဆုသက်က ပေးစရာမရှိဘူးဆိုရင် တို့ ဘာတတ်နိုင်မှာ လဲ. . . ချစ်ကံခေတဲ့ လူတစ် ယောက် လို့ ကိုယ့်ကိုယ်ကို ပြောရတော့မှာ ပေါ့. . . ဆုသက်ရယ်. . .'

မျက်နှာကြီး ညှိုး ညှိုး ငယ်ငယ် ဖြစ်နေသော မျိုးဆက်နိုင်ကို ကြည့်ပြီး ဆုသက်ထွေး၏ ရင်ထဲတွင် ချစ်စိတ်တွေ ဖြစ်မလာပေမယ့် သနားစိတ်တွေ ကတော့ တစိမ့်စိမ့် ဝင်ရောက်နေမိပါ၏ ။

'ဆုသက်. . .'

'ပြောလေ. . . ဘာပြောမလို့လဲ. . .'

'တို့ကို တစ်ဦးတည်းသော အခင်မင်ဆုံး ယောက်ျားလေး မိတ်ဆွေအနေနဲ့ကော ဆုသက် လက်ခံနိုင်မလား. . .'

'အဲဒါတော့ ဖြစ်ပါတယ်. . .'

မဆိုင်းမတွ ဆုသက်ထွေး အဖြေပေးလိုက်သည်ကို ကြားရလျှင် ရတ်တရက် ထိန်ဝင်းသော မျက်နှာကြီးဖြင့် မျိုးဆက်နိုင် သူ့ မျက်နှာကို တစ်ချက်လှည့်ကြည့်လိုက်သည်။

'ဆုသက် တကယ်ပြောတာနော်. . .'

'တကယ်ပါ. . .'

'ဟား. . . ဒါဆိုလဲ ကျေနပ်ပါတယ်. . . အခင်မင်ဆုံး မိတ်ဆွေထက်ပိုတဲ့ သံယောဇဉ်မျိုး ဆုသက်မှာ ရှိလာတဲ့အထိ တို့အချစ်တွေ ကို သိမ်းထားလိုက်တော့မယ်. . . တို့ ပျော်လိုက်တာ ဆုသက်ရယ်. . . တကယ်ပါ. . .'

'ကိုနိုင်နိုင်က ဘယ်လိုမှန်းလဲ မသိဘူး တစ်မျိုးကြီးပဲ. . . ကဲပါလေ. . . ဒါ အသာထားဦး အမေ့ဆီကို အမြန်ပြန်ဦးလေ. . . ကိုနိုင်နိုင့် အမေက ဘာ ဖြစ်တာလဲ. . .'

'မေမေ့မှာ က နှလုံး ရောဂါ . . . သွေးတိုး ရောဂါ ပါရှိတယ်. . . အဲဒီ ရောဂါ တွေ တစ်ခါ တစ်ခါ ထရင် မေမေ သေမလောက် ခံစားရတယ်. . .'

'အို. . . ကြောက်စရာကြီး တစ်ခုခု ဖြစ်သွားမှဖြင့် . . . မြန်မြန်ပြန်လိုက်ပါ. . . ကိုနိုင်နိုင်'

'မနက်ဖြန်ပဲ ပြန်မှာ ပါ. . . ဒါပေမယ့် ဆုသက်တို့ကို တစ်ခု လုပ်ပေးရမယ်. . .'

'ဘာများ လဲ ဟင်. . .'

'နေ့တိုင်း. . . ဘတ်(စ်)ကားနဲ့ အလုပ်မဆင်းရဘူး. . . တို့ ဒီကားကို အသက်ကြီးကြီး ဦးလေး တစ်ယောက် နဲ့ ထားခဲ့မယ်. . . သူက ဆုသက်ကို အကြိုအပို့ လုပ်ပေးလိမ့်မယ်. . .'

'ဟာ. . . ကိုနိုင်နိုင်ကလဲ ဆုသက် ကိုနိုင်နိုင်နဲ့ မတွေ့ခင်ကတည်းက တစ်ယောက် တည်း သွားလာနေတာပါ. . .'

'ဟုတ်ပါတယ်. . . ဟိုအချိန်တွေ က တို့အတွက်အကြောင်း မဟုတ်ဘူး. . . ခု အချိန်က တို့အတွက်အကြောင်းက ဆုသက်အတွက် တို့ စိတ်ပူတယ်. . . စိတ်မချဘူး. . ဒါကြောင့် စီစဉ်ခဲ့ ရတာ . . . အသက် ငါးဆယ်ကျော်. . . ခြောက်ဆယ်. . . ဖထီးကြီးမောင်းမှာ ဆိုတော့ ဆုသက်ကို ဘယ်သူကမှ တောင်ထင်မြောက်ထင် ထင်ကြတော့မှာ မဟုတ်ဘူးလေ. . . ဪ. . . တစ်ခု ကျန် သေးတယ်. . . ရွှေရည်ဝင်းတို့ လဲ့လဲ့တို့နဲ့ မသွားနဲ့နော်. . . တို့က ယောက်ျားလေး. . . သူတို့နဲ့ ဆုသက်က အရောင် အသွေးချင်းလဲ မတူဘူး. . . ဗီဇ စရိုက်ချင်းလဲ မတူဘူး. . . တို့က ပေါင်းနေရ တာ မိုးဆွေတို့ ရဲကိုတို့ကြောင့် . . .'

'ဆုသက် သူတို့နဲ့ ကတော့ ဘယ်မှ မ သွားပါဘူး. . .'

'ဒါဆို တို့ စိတ်ချပြီး ဆုသက်ကို မနက်ကြတော့ ဒီကား ဆုသက်တို့ လမ်းထိပ်က

ရတနာ စတိုးရှေ့ကစောင့်နေမယ်. . . ကားနံပါတ်ကိုလဲ သေသေချာချာမှတ်ထားနော် ဆုသက်. . .'

ဆုသက်ထွေး ခေါင်းကိုသာ တစ်ချက်ညိတ်လိုက်ပြီး ရင်ထဲမှာ သိမ့်ငြိမ့်မှု တစ်ရပ်ကို ခံစား လိုက်ရ၏ ။

'အင်း. . . သူ ငါ့ကို သိပ် ဂရုစိုက်ပါလား. . . သူ့ ပုံပန်းသဏ္ဍာန်နဲ့ သူ့ အပြုအမူတွေကို တွေ့ ရမြင်ရ သိရတော့. . . ငါ့အပေါ် ပေါ့ပျက်ပျက်သဘော လုံးဝမရှိဘူး. . . မေမေ မသေခင်က ပြောတဲ့ စကားတွေ ငါ ကြားယောင်မိလိုက်တာ. . .

ဆုသက် သမီးလေး. . . အချိန်တန် အရွယ်ရောက်လို့ အိမ်ထောင်ရေး များ ရွေးတဲ့အခါ ကိုယ်ချစ်ကို သွားမရှာနဲ့နော်. . . သူချစ်ကို ရှာ. . . ကိုယ်ချစ်ကို ရှာမိရင် ကိုယ် ဒုက္ခရောက်မယ်၊ သမီးလေး ဖေဖေကြီးလို သူ ချစ်ကို ရှာမိတဲ့ မေမေ့ကို ပြန်ကြည့်. . . သမီး ဖေဖေကြီး ရှိတုန်းက မေမေ ဘယ်လိုနေခဲ့ရသလဲ. . . မေမေတို့ သားအမိ ကံနည်းကြလို့ သူ့ခမျာ စောစော ဆုံးသွားရ ရှာတာ. . . သူသာ ရှိနေရင် မေမေနဲ့ သမီး ခုလို မျက်နှာငယ်ပြီး သူများ အိမ်မှာ ကျွန်လောက်နီးနီး နေစရာမလိုဘူးကွယ့်. . . ဆွေမျိုးဆိုတာ အလကား. . . မေမေ့ကိုကြည့် မုဆိုးမဘဝနဲ့ မျက်နှာမလှ တော့ အစ်မအရင်းခေါက်ခေါက်ကြီးကတောင် ဘယ်လိုနေရာမှာ ထားသလဲလို့. . .'

မေမေ၏ ဝမ်းနည်းကြေကွဲရိပ်တွေ လွှမ်းဖုံးနေသော မျက်နှာကို ဆုသက်ထွေး ကွက်ကွက် ကွင်းကွင်းကြီး မြင်ယောင်နေမိပေ၏ ။

'ဆုသက်'

'အင်. . .'

အတွေ းနယ်ကျွံမိနေရာမှ ဆုသက်ထွေးသည် ကိုယ်ကလေး သိမ့်တုန်စွာ ဖြင့် သတိပြန်ဝင် လာ၏ ။

'ဘာတွေ များ ဒီလောက်တောင် တွေ းမိသွားတာလဲ. . . ဟင်း. . . ဆုသက်တို့

လမ်းထိပ်ကို ရောက်တော့မယ်. . .'

'ဩော်. . . အင်း. . . ဟုတ်သားပဲ. . .'

'ဆုသက်. . . တို့ လွှတ်ပေးတဲ့ ကားနဲ့ပဲ အလုပ် သွားပါနော်. . .'

'အင်းပါ. . .'

ကျေနပ်အားရသွားဟန်ဖြင့် မျိုးဆက်နိုင်က လမ်းဘေးတစ်နေရာတွင် ကားကို ရပ်တံ့ပေး လိုက်သည်။

'ဆုသက် သွားမယ်. . .'

မျိုးဆက်နိုင်က ရွှင်ပျနေသော မျက်နှာဖြင့် သူ့ဦးခေါင်းကို ညိတ်ပြလိုက်သည်။

ဆုသက်ထွေးသည် ကားပေါ်က ဆင်းပြီး နောက်ကြောင်းကို လှည့်မကြည့်တော့ဘဲ တစ်ချိုးတည်း အဆောင်ဆီသို့ သွက်လျင်သော ခြေလှမ်းများ ဖြင့် လျှောက်နေပါတော့သည်။

♥ ♥ ♥

(၉)

အဆောင်ခန်း တံခါးတွင် သော့ ခလောက်က ခတ်လျက်သားရှိနေ၏ ။

ရက်အားရသော ယဉ်ယဉ်နွဲ့ တစ်ယောက် အခန်းထဲမှာ ရှိမနေပါ. . .

'သူ. . . သူ ငါ့ကိုများ ကားနဲ့ ပြန်လာတာတွေ ့သွားလေမလား. . .'

ကိုယ့်ကိုယ်ကို မလုံမလဲ ဖြစ်ကာ ဆုသက်ထွေး တစ်ကိုယ်လုံး ထူပူသွားမိသည်။

ဆလင်းဘက်အိတ်ထဲက သော့ ကလေးကို ထုတ်ယူပြီး အခန်းတံခါးကို

ဖွင့်ဝင်လိုက်သည်။

ရင်ထဲမှာ စိုးထိတ်စိတ်တွေ မင်းမူနေပါသည်။

'မမယဉ် ငါ့ကို တစ်မျိုးထင်သွားရင် ဒုက္ခပဲ. . .'

စိတ်လက်လေးပင်စွာ ဖြင့် သူသည် လက်ထဲက ဆလင်းဘက်ကို ခုတင်ပေါ်သို့ ချပြီး. . . ခုတင်စွန်းတွင် ခြေတွဲ လောင်းချကာ ထိုင်နေလိုက်မိသည်။

ဆူဆူညံညံနှင့် အခန်းရှေ့က ဖြတ်လျှောက်သွားသော ရွှေရည်ဝင်းနှင့် လဲ့လဲ့တို့၏ အသံကို ကြားရကာမှ သူသည် ငိုင်တွေ မိနေရာမှ ထပြီး အခန်းမီးကို ဖွင့်လိုက်သည်။

ထိုအခိုက်မှာ ပဲ. . .

ယဉ်ယဉ်နွဲ့ တစ်ယောက် စက္ကူအိတ်ကလေး တစ်အိမ်ကို ကိုင်ကာ အခန်းထဲသို့ ဝင်လာ သည်။

ခါတိုင်းလို ဟက်ဟက်ပက်ပက် ကြည်ကြည်ရွှင်ရွှင် အသွင်မျိုး မတွေ့ရပါ. . . နဖူးကြော ကလေးများ မသိမသာ ရှုံ့နေသော မျက်နှာဖြင့် သူ့ကို တစ်ချက်ကြည့်လိုက်ပြီး ယဉ်ယဉ်နွဲ့က စားပွဲဆီသို့ ဆက်လျှောက်သွားသည်။

'မမယဉ် ဈေးဝယ်ထွက်သွားတာလား ဟင်. . .'

သူကပဲ စတင်၍ ယဉ်ယဉ်နွဲ့ကို စကားစလိုက်ပါသည်။

'အင်း. . . ဟုတ်တယ်. . . မင်းလဲ ခုပဲ ရောက်လာတာ မဟုတ်လား. . .'

'ဟုတ်ကဲ့. . .'

ယဉ်ယဉ်နွဲ့က နောက်ထပ် စကားမစလာသေးဘဲ အဝတ်အစားများ လဲလှယ်နေ၏ ။

အလိုလိုနေရင်း စိတ်ထဲ မလုံမလဲ ဖြစ်နေမိသော ဆုသက်ထွေးက

စကားစလိုက်ပြန်သည်။

'မမယဉ်. . . ဆုသက်နဲ့ ထမင်းလိုက်စားပါလား. . . မစားရသေးဘူး မဟုတ်လား. . .'

'ဟင့်အင်း. . . လိုက်မစားတော့ဘူး. . . ဆုသက် ဘာသာပဲ သွားစားတော့. . . မမယဉ် အဆောင်ပိုင်ရှင်ရဲ့ တူမလေးနဲ့ ချိန်းထားလို့. . .'

သူ့စကားအဆုံးတွင် သူ့သေတ္တာကြီး ခုတင်အောက်က ဆွဲထုတမ်ပြီး တစ်စုံတစ်ခုကို ရှာဖွေ ထုတ်ယူပြီးနောက် ယဉ်ယဉ်နွဲ့ အခန်းအတွင်း းမှ ထွက်ခွာသွားသည်။

'အင်း. . . မမယဉ် အမူအရာတွေ ပြောင်းလဲသွားတာတော့ အမှန်ပဲ. . . အို. . . ငါ အနေရ ခက်လိုက်တာ. . .'

အဖော်မဲ့ အထီးကျန်ဆန်လှသော သူ့ဘဝကို တွေ းမိပြီး ဝမ်းနည်းစိတ်တွေ ထွေလာကာ ခုတင်စွန်းတွင် ထိုင်နေမိတော့သည်။

♥♥♥

ယဉ်ယဉ်နွဲ့သည် သည်ညတွင် တမင်များ ရှောင်နေလေရော့သလား မသိ. . . အတော် ညဥ့်နက်သည်အထိ အခန်းထဲသို့ ပြန်မလာဘဲ ရှိနေ၏ ။

ထို့ကြောင့် ဆုသက်ထွေးလည်း အခန်းမီးကို မှိတ်ပြီး ခြင်ထောင်ချကာ အိပ်ရာထဲ ဝင်လိုက် တော့သည်။

မှော င်မည် းနေသော အခန်းကလေးထဲမှာ သူသည် အိပ်စက်၍ မရနိုင်ဘဲ မျက်လုံးများ ကြောင်နေမိ၏ ။

လျှာထိုးနံရံတစ်ချပ်သာ ခြားသော တစ်ဘက်ခန်းဆီမှ ရွှေရည်ဝင်းနှင့် လဲ့လဲ့တို့၏ တိုးတ လှည့် ကျယ်တစ်ခါ ခပ်တိမ်တိမ်တစ်မျိုး. . . စကားပြောဆိုနေသံများ . . .

ရယ်မောနေသံများ က သူ့ နားထဲသို့ တိုးဝင်နေ၏ ။

'ဟင်း. . . သူတို့နှစ် ယောက် ကတော့ လောကကြီးတစ်ခုလုံးကို ခါးစောင်းတင်မယ့်ပုံတွေ ပဲ၊ သူတို့နဲ့ ငါ. . . ကိုနိုင်နိုင် ပြောသလို ဗီဇစရိုက်ချင်း မတူညီတာ ကတော့ အမှန်ပဲ. . . လူတစ် ယောက် ကို မုန်းသွားအောင် လုပ်ဖို့က လွယ်တယ်. . . ချစ်အောင် လုပ်ဖို့က မလွယ်ဘူး. . . ဘာပဲ ဖြစ် ဖြစ်လေ သူ သတိပေးတာ ပေးတာတစ်ကြောင်းပေါ့. . . သူတို့ကိုပါ သိပ်ပြတ်ပြတ် ဆက်ဆံလို့ တော့ မ ဖြစ်သေးဘူး. . . ကျေးဇူးထောက်ထားရမယ့် အကြောင်းတွေ ရှိနေသေးတယ်. . . ရေလိုက်ငါးလိုက်တော့ နေရမယ်. . မမယဉ်ကိုတော့ ငါ တကယ် ခင်မင်တာ. . . သူ့ရဲ့ ခင်မင်မှု ကိုတော့ ငါ မဆုံးရှုံးချင်ဘူး. . . သူ အထင်မမှား အောင်လို့ ငါ့ အကြောင်းတွေ ကို သူ ဖွင့်ပြောပြ လိုက်မယ်. . .'

ဆုံးဖြတ်ချက် တစ်ခုကို ချမှတ်ပြီး ယဉ်ယဉ်နွဲ့အလာကို စောင့်စားနေစဉ် ခြေသံ တော် တော် များများ ကို ကြားရပြီး စေ့ထားသော သူ့အိပ်ခန်းတံခါး ပွင့်လာသည်။ ထို့နောက် အခန်းမီးပါပွင့်ကာ ဖြာခနဲ လင်းလာ၏ ။

မမယဉ်နှင့် အတူ အခြား မိန်းကလေးနှစ် ဦးကိုပါ ဆုသက်ထွေး တွေ့လိုက်ရသည်။

ကပျာကယာ ခြင်ထောင်ကိုမပြီး သူ ခုတင်ပေါ်က ဆင်းလိုက်သည်။

'ဆောရီးပဲ ဆုသက် နိုးသွားရတာ . . .'

'အို. . . ဆုသက် မအိပ်သေးပါဘူး. . . မမယဉ်ကို စောင့်နေတာပါ. . .'

ဆုသက်ထွေးက ယဉ်ယဉ်နွဲ့အားရွှင်ချိုသော အပြုံး ဖြင့် ပြောလိုက်သည်။

'ဟုတ်လား. . . ဆောရီးပဲကွယ်. . . မမယဉ်လဲ အခန်းပြောင်းဖို့ အစီအစဉ်တွေ လုပ်နေရ လို့လေ. . .'

'ဟင်. . . အ. . . အခန်းပြောင်းမယ်. . .'

'ဟုတ်တယ်. . . အဆောင်ရှင်ရဲ့ ဟောဒီတူမလေး ချောချောနဲ့ သွားနေမလို့လေ. .

. သူက သူ့အခန်းမှာ လာနေဖို့ခေါ်လို့. . .'

ဆုသက်ထွေး အလွန်ဝမ်းနည်းသွားပြီး စကားပြန်မစနိုင်အောင် ဖြစ်သွား၏ ။

'စိတ်ပျက်မ သွားပါနဲ့လေ. . . ဆုသက်ထွေး မလာခင်က မမယဉ်လဲ တစ်ယောက်တည်း နေခဲ့ရတာ ပါ. . . ခု မမယဉ် သွားတော့ ဆုသက်ထွေးအတွက် အခြားအဖော်သစ် တစ်ယောက် ရောက်လာဦးမှာ ပါ. . .'

ယဉ်ယဉ်နွဲ့သည် ထိုမျှသာ ဆုသက်ထွေးကို ပြောပြီး သူ့အဖော်နှစ် ယောက် နှင့် အတူ သူ့ ပစ္စည်းပစ္စယများ ကို သိမ်းဆည်းထုပ်ပိုးနေ၏ ။

အဖော် နှစ် ယောက် ကလည်း ထုတ်ပိုးပြီးသော ပစ္စည်းတော်ကို တနိုင် တနိုင်စီ သယ်ပိုးကာ ယဉ်ယဉ်နွဲ့ကို အခန်းပြောင်းပေးနေကြပေ၏ ။

ဆုသက်ထွေးလည်း ပြောင်းလဲသွားသည်။ ယဉ်ယဉ်နွဲ့၏ စိမ်းသက်သက် အပြုအမူများ ကို ဆက်လက်ရင်မဆိုင်လိုတော့သဖြင့် အိပ်ရာထဲ ပြန်ဝင်ကာဂျာ သူတို့ဘက် ကျောပေးပြီးခွေနေလိုက် တော့သည်။

သည်က သည်အချိန်ကစပြီး ယဉ်ယဉ်နွဲ့နှင့် သူ အနေစိမ်းကာ အလှမ်းကွာကြရတော့မည် ဖြစ်ကြောင်း ဆုသက်ထွေး နားလည်လိုက်မိသည်။

အစ ပထမတွင် တော့ အဖော်မဲ့ တစ်ကိုယ်တည်း ဖြစ်ရတော့မည် ဟု တွေ းကာ ဝမ်းနည်း စိတ်တွေ က သူ့ကို စိုးမိုးနေသည်။

တဖြည်းဖြည်းနှင့် ယဉ်ယဉ်နွဲ့၏ သူ့အပေါ် ဆက်ဆံရေး ကဲ့ုလာမှု ကို သရုပ်ခွဲကြည့်မိသော အခါ ဝမ်းနည်းစိတ်နေရာတွင် ခံပြင်းစိတ် ဒေါသစိတ်တွေ အစားထိုးဝင်ရောက်လာတော့၏ ။

'ဟွန်း. . . ကြီးကျယ်လိုက်တာ ငါ့ကို မခေါ်ချင် မပြောချင် ဖြစ်သွားရအောင်လို့ ငါက ဘာ ဖြစ်သွားလို့လဲ စာရိတ္တ ယိမ်းယိုင်သွားလို့လား. . . လေလွင့်ပျက်စီးသွားလို့လား. . . အို. . . ပတ်ဝန်းကျင်အသိုင်းအဝိုင်းကို သိပ် ဂရုစိုက်နေရင် အနေကျံု့တယ်. . . ကိုယ်မှန်တယ်

ထင်တာ ကိုယ်လုပ်တာပဲ ကောင်းတယ်. . . ကိုယ့် စိတ်ချမ်းသာမှု ကို ကိုယ့်ကိုယ်ပိုင်ဉာဏ်နဲ့ပဲ ချင့်ချိန်ပြီး ရှာတော့မယ်. .. . မေမေဟာ ငါ့ကို လူ့လောကထဲ ခေါ်သွင်းလာတာ တစ်ယောက် တည်းပဲ ဘယ် အဖော်မှ ငါ့အတွက်ပါခဲ့တာ မဟုတ်ဘူး. . . ဒီတော့ ငါ့ဘဝကို ငါ့ ဆုံးဖြတ်ခဲ့နဲ့ ငါ လျှောက်တော့ မယ်. . .'

ဒေါသကလေး ထိုးထိုးထောင်ထောင်နှင့် မာန်တင်းလိုက်ပြီး သည့်နောက်တွင် တော့ စိတ် တည်ငြိမ်သွားပြီး အိပ်ပျော်သွားတော့သည်။

♥♥♥

## (၁၀)

'ဟော့. . . ဆုသက်. . .'

ဆုသက်ထွေးသည် ရှေ့သို့ သုတ်ချီတင်၍ လျှောက်နေရာမှ နောက်သို့လည်ပြင် လှည့်ကြည့်လိုက်သည်တွင် ရွှေရည်ဝင်းနှင့် လဲ့လဲ့တို့ကို တွေ့လိုက်ရသည်။

'သြော်. . . ရွှေရည်နဲ့ လဲ့လဲ့. . .'

'တစ်ခါတည်း မာရသွန်ပွဲလျှောက်နေတာကျနေတာပဲ. . . ဆုသက်က ခေါ်လဲ တိုက ဆုသက်ကားနဲ့ မလိုက်ပါဘူးနော်. . . တို့မှာ လဲ တို့ အကြိုတော် ကားနဲ့ပါ. . .'

မျက်နှာပေးကြီး တည်တည်နှင့် လဲ့လဲ့က ပြောလာသည်။

'အို. . . ဒီသဘောမျိုး မဟုတ်ပါဘူး. . . ဆုသက်ဆိုင်ကို စောစောရောက်ချင်လို့ပါ အရောင် းစာရင်တွေ စစ်စရာရှိလို့ပါ လဲ့လဲ့. . .'

'ဘာပဲပြောပြော မင်း ကတော့ ပိုင်ပါတယ်. . . နိုင်နိုင်ကို အပြတ်ချုပ်နိုင်တာ ချီးကျူး ပါတယ် ကွာ. . .'

‘ဟင်. . . လဲ့လဲ့ ဘာကိုပြောတာလဲ’

‘အံ့ဩချင်ယောင် ဆောင်လိုက်တာလား. . . မသိချင်ယောင် ဆောင်နေတာလား. . . ဆုသက် ဟို ကား ဆုသက်အတွက် အကြိုထောက်လာတာကို ပြောနေတာ. . .’

‘အဲဒါ. . . အဲဒါ. . . ကိုနိုင်နိုင်က သူ့ ခရီး. . .’

‘ဟုတ်ပါတယ်. . . သူ တောင်ကြီး ပြန်သွားလို့ ဒရိုင်ဘာနဲ့ ထားခဲ့တာ မဟုတ်လား. . . အဲဒါကြောင့် ဆုသက် သိပ်ပိုင်တယ်လို့ လဲ့လဲ့က ပြောနေတာပေါ့. . . ဝမ်းသာပါတယ်. . . တို့တွေ နဲ့ နိုင်နိုင် သိပ် ပလဲနံပ မသင့်ပေမယ့် ဆုသက်နဲ့ သင့်သွားတာ တို့တွေ ဝမ်းသာတယ်. . . ဆုသက် ကံကောင်းပါတယ်. . . သူက လူကောင်း တစ်ယောက် ပါ. . . ကဲ ကဲ သွားတော့. . . တို့တွေ အတွက် ကားက ရောက်မလာသေးဘူး. . .’

ဆုသက်ထွေး ဘယ်ကို ဘယ်လိုချေပရမှန်း မသိတော့ဘဲ သူ့အတွက် အသင့်ရောက်နေပြီ ဖြစ်သော တိုယိုတာ ကရီနာ ကားနီနီကလေးဆီသို့ ခြေလှမ်းမှန်အောင်ထိန်းရင်း လျှောက်ခဲ့တော့ သည်။

‘ဟုတ်နေတာပဲလေ. . . သူတို့ထင်ချင်သလို ထင်နိုင်တာပဲ. . . ငါ့အတွက် ကိုနိုင်နိုင်ကလဲ ကားအကြိုအပို့ ပို့ထားနေပေတာကိုး. . .’

‘တူမကြီးက ဆုသက်ထွေးနော်. . .’

ကားအနီးသို့ သူ ရောက်သွားသည့်အခါတွင် ကားရှေ့ခန်းမှ ကရင်အမျိုးသားကြီးတစ်ဦး ကပျာကယာဆင်းလာပြီး ကားနောက်ခန်းတံခါးကို ဖွင့်ပေးရင်းက မေးလိုက်သည်။

‘ဟုတ်. . . ဟုတ်ပါတယ်. . . ဆုသက်ထွေးပါ. . .’

‘အေးကွ. . . ဖထီးထင်ရင် မလွဲတတ်ပါဘူး. . . ကိုနိုင် ပြောပြသွားတဲ့ တူမကြီးရဲ့ ပုံသဏ္ဌာန်ကလဲ ချက်ချင်း ဖမ်းလို့ရတာ ပဲ. . . ကဲ ကဲ. . . တက် ကားပေါ်ကို. . .’

ဆုသက်ထွေးသည် သဘောမနောကောင်းလှပုံပေါ်သော ယာဉ်မောင်းကြီးကို ပြုံ

း ပြပြီး ကားပေါ်သို့ တက်လိုက်သည်။

'ကိုနိုင်တော့ ဒီမနက် အစောကြီး ခရီးထွက်သွားပြီကွဲ့. . .'

ကားစက်ကို နှိုးရင်း ဖထီးကြီးက ပြောလိုက်သည်။

'တူမနာမည် ဆုသက်ထွေးနော်. . .'

'ဟုတ်ကဲ့. . .'

'အေး. . . ဖထီးနာမည် က စောလောအယ်လေ မှတ်ထား. . . မြန်မာလို ပြန်ရင်တော့ ဦးချစ်စရာပေါ့ကွယ်. . . အဟဲ့. . . ဟဲ့. . . ဟဲ့. . .'

'ဟုတ်ကဲ့ပါ ဖထီး လောအယ်. . .'

'ဖထီး ကတော့ ပျော်ပျော်ပဲ နေတတ်တယ်ကွယ့်. . .'

'ကောင်းတာပေါ့. . . ပျော်ပျော်နေ သေခဲဆိုတဲ့ စကားရှိတာပဲ. . .'

'အား. . . သေခဲတိုင်း မကောင်းဘူးကွယ့်. . . အသက် သိပ်ကြီးရင် ဒုက္ခရောက်မယ်. . . လုပ်ကိုင်မစားနိုင်တော့ဘူး မဟုတ်လား. . .'

'ဖထီးမှာ သားသမီးတွေ မရှိဘူးလား. . .'

'ဖထီးက လူပျိုကြီးလေ. . . ဒီအသက်ကျမှတော့ စွံမှာ လဲ မဟုတ်တော့ပါဘူးကွယ်. . . အဟေး. . . ဟေး. . .'

'ဖထီးက ဘာ ဖြစ်လို့ လူပျိုကြီး ဖြစ်နေတာလဲ. . . ရုပ်လည်း မဆိုးပါဘူး. . . ငယ်ငယ်က ချောမယ့်ပုံ. . .'

'အေး. . . အဲဒါ ခက်သွားတာပေါ့. . . ကိုယ့်ကိုယ်ကို ချောတယ်ထင်ပြီး တွေ့လိုက်တဲ့ မိန်းမတွေ ကို နှာယောင်ကောက်တယ်. . . နဖူးမောက်တယ်. . . အသားမည် းတယ်. . . သွားကျဲတယ်နဲ့ အရွေးလွန်ရင်း လွန်ရင်းက လူပျိုကြီး ဖြစ်သွားတာပဲဟေ့. . . အဟေး. . . ဟေး. . . ဟေး'

ဆုသက်ထွေးလည်း ဖထီးကြီး စောလောအယ်၏ အပြောနှင့် အမူအရာကကို ကြည့်ကာ ပါးစပ်ကလေးကို လက်ဖြင့် ပိတ်၍ ရယ်မြူး သွားမိတော့သည်။

ဖထီးကြီး စောလောအယ်နှင့် စကားပြောရသည်မှာ စိတ်ချမ်းသာ၍ ပျော်စရာကောင်းလှပါ သည်။ ထို့ကြောင့် လည်း ထိုနေ့မှစ၍ အလုပ်သွား အလုပ်ပြန် ချိန်ကလေးများ သည် ဆုသက်ထွေး အတွက် ကြည်နူး ကြည်မွေ့ဖွယ်ရာ အချိန်ကလေးများ ဖြစ်ခဲ့ရပါသည်။

တစ်ပတ်ခန့်ကြာသော အခါ မျိုးဆက်နိုင် ခရီးထွက်ရာမှ ပြန်ရောက်လာပြီး သူ ကိုင်တိုင် အကြို့ အပို ရောက်လာသည်ကို ဆုသက်ထွေး တွေ ့လိုက်ရသည်။

'ဟယ်. . . သူ ပြန်ရောက်လာပြီ. . .'

'ဟုတ်တယ် ဆုသက်. . . ဒီနေ့လဲပဲ ရောက်လာတာနဲ့ ဖထီးစောလောအယ်ကို နားခိုင်း လိုက်တယ်လေ. . . တက်. . .'

သူ ဖွင့်ပေးသော ကားနောက်ခန်းသို့ တက်လိုက်သည်တွင် ကျွတ်ကျွတ်အိတ်အကြီးစားသုံး လုံးကို ကားနောက်ခန်းထဲတွင် ဆုသက်ထွေး တွေ ့လိုက်ရသည်။

ဘာတွေ လဲဟု မမေးမိဘဲ အထုပ်တွေ ကိုသာ သူထိုင်သာအောင် တစ်ဘက်ဆီသို့ တွန်းရွှေ့၍ ပို့လိုက်သည်။

'ဖထီးကြီးနဲ့ ဆုသက် အတော် အဖွဲ့ကျသွားတယ်ဆို. . .'

ကား စက်ကို နိုး၍ မောင်းထွက်ရင်း မျိုးဆက်နိုင်က မေးလိုက်သည်။

'အို ကျတာမှ အရမ်းပဲ. . . ဖထီးကြီးက. . . သဘောအရမ်းကောင်းတယ်. . . ဒါနဲ့ ကိုနိုင့် အမေ နေကောင်းသွားပြီလားဟင်. . .'

'ကောင်း သွားပါပြီ. . .'

'ကိုနိုင်ကလဲ ပြန်လာတာ ချက်ချင်း ပဲ. . . မအေနဲ့ ခဏ နေလိုက်သေးတာ

မဟုတ်ဘူး. . .'

'မ ဖြစ်ဘူးလေ. . . တို့က ဆုသက်ဆီကို တအားစိတ်ရောက်နေတာဆိုတော့ ဘယ်လိုမှ နေလို့ မရဘူးကွာ. . . ဒါကြောင့် . . . မေမေ သက်သာသွားတာနဲ့ ချက်ချင်း ပြန်ဆင်းလာခဲ့တာ. . .'

ပိုရန်ကောရယ်လို့ ပြောမထွက်မိလိုက်ပါ. . . မျိုးဆက်နိုင်၏ မျက်နှာအမူအရာက သူ့ကို လွမ်းဆွတ်တသနေကြောင်း ဖော်ပြနေသယောင်ရှိနေပါ၏ ။

'ဆုသက်သော တို့ကို မလွမ်းဘူးလားဟင်. . .'

'ဆုသက် သတိရနေပါတယ်ရှင်. . .'

'ဆုသက်ရယ်. . . အဲသလောက်လေး ကြားရတာ ကိုပဲ တို့ ဘယ်လောက် ဝမ်းသာသွား ရတယ်မှတ်သလဲ. . . တို့ ရင်ခုန်သံတွေ ကို နားနဲ့ ပြန်ကြားနေရတယ်. . . သိလား. . .'

သူ့ရင်မှာ ကြည်နူးသွားရခြင်း အရိုန်က သူ့မျက်နှာကို ပြုံး မြကြည်လင်၍ ရွှင်ပျနေစေသည်။

'အင်း. . . သူ ငါ့အပေါ် သံယောဇဉ်အတော် ကြီးနေရှာတာပဲ. . .'

'ဆုသက်. . .'

'ဟင်. . . ဘာလဲ. . . ကိုနိုင်. . .'

'အဲဒီ ဆုသက်အနားက အိတ်တွေ က ဆုသက်အတွက် တို့ဝယ်လာတဲ့ လက်ဆောင်တွေ နော်. . . မယူချင်လို့တော့ မရဘူး. . .'

'အို. . . မဟုတ်တာ. . . ဆုသက် မလိုချင်ဘူး. . .'

'မငြင်းပါနဲ့. . . ဆုသက်ရယ်. . . တို့လေ. . . တို့ ဆုသက်နဲ့ လိုက်မယ့် ပစ္စည်းကလေးတွေ မေမေကို ပြစုရင်းက အချိန်ကလေး နည်းနည်း ရတာ နဲ့

ဖြည်းဖြည်းဝယ်ပြီး စုဆောင်းလာခဲ့ရတာ တို့ စေတနာကို ဆုသက်ပြင်းရင် တို့ရင်ကို ခွဲလိုက်တာနဲ့ အတူတူပဲ သိလား. . .'

ဟော ခုတော့ သူ့မျက်နှာကြီးက ငိုတော့မယောင်ညိုတော့မယောင်နှင့် . . . သုံးပန်လှ မျက်နှာ ဖြစ်နေသော မျိုးဆက်နိုင်ကို ကြည့်ပြီး ဆုသက်ထွေး ပင့်သက်ရှိုက်မိသည်။

'ဆုသက်. . .'

'ဟင်. . .'

အသံ တိုးတိမ်တိမ်ကလေးဖြင့် ဆုသက်ထွေးက ထူးလိုက်မိသည်။

'ဆုသက် တို့အပေါ် သံယောဇဉ် နည်းနည်း ကလေးမှ မတွယ်မိဘူးလားဟင်. . . တို့မှာ တော့ ဆုသက်အကြောင်း တွေးမိတိုင်း ရင်မှာ တသိမ့်သိမ့်ခုန်နေတယ် သိလား. . .'

'ဆုသက်. . . ဆုသက်လဲ ရင်ထဲမှာ တစ်မျိုးကြီးပါ. . . ဒါပေမယ့် ချစ်တယ်ဆိုတာ ဘာလဲ. . ဆုသက် ခွဲခြားမသိသေးဘူးလေ. . . သူ ဆုသက်ကို အချိန်ပေးပါကွယ်. . .'

'ဟာ. . . ဆုသက်. . . ဆုသက်ဆီက ဒီစကား တို့ကြားရတာ သိပ်ဝမ်းသာတယ်. . . အိုကွာ အရမ်း. . . အရမ်းဝမ်းသာတယ်. . . ယူပါ ဆုသက်ရယ်. . . ကြိုက်သလောက် အချိန်တွေ ယူပစ်လိုက်စမ်းပါ. . . ဆုသက် တို့အတွက် တွေးနေပါပြီဆိုတဲ့ အသိနဲ့ပဲ သေပါရစေ. . . တို့ပျော် နေမှာ ပဲ. . .'

'အို. . . မဟုတ်တာ နိမိတ်မရှိ နမာမရှိ. . . သူ ဘာတွေ ပြောနေမှန်း မသိဘူး. . .'

'တို့ ပျော်လွန်းလို့ ဘာတွေ ပြောလိုက်မိမှန်းတောင် မသိတော့ပါဘူး. . . တောက်. . . ကား ကလည်း ဖြည်းဖြည်းမောင်းတာတောင် ဘယ်လို လှည်းတန်းကို ရောက်လာမှန်း မသိဘူး. . . အချိန်တွေ ကလဲ အကုန်မြန်လိုက်တာ. . .'

'မနက်ဖြန်မနက် တွေ့ကြရဦးမှာ ပဲ ကိုနိုင်ရယ်. . .'

'ကုန်စေ့ချင်လို့ ကုန်ခဲလှတဲ့ တစ်ညတာဟာ တစ်သက် တစ်ကမ္ဘာလို ကြာတယ်ထင်ရတယ် ဆုသက်. . . ဒါ ခံစားဖူးတဲ့လူမှ သိတာ. . . တို့လေ ဆုသက်ကို

တမ်းတပြီး ပင်ပန်းကြီးစွာ ဖြတ် သန်းခဲ့ရတဲ့ အချိန်နာရီတွေ များ လှပြီ ဆုသက်ရယ်...'

အဖော်မဲ့နေ၍ ဘဝတွင် အထီးကျန်ဆန်နေသော ဆုသက်ထွေးသည် သူ့အပေါ် စွဲစွဲလမ်း လမ်း တမ်းတမ်းတတ ပြုနေသူကို တွေ့လာရသော အခါ မလှုပ်ရှားဖူးသော ရွှေသည်းနုနုတွင် လှိုင်းခတ်သလို ခံစားလာနေရ၏။

ရင်တွင် သိမ့်ငြိမ့် နွေးထွေးလာမိခြင်းက အချစ်များ လား...။

အချစ်အကြောင်း မသိသေးသော ဆုသက်ထွေး...။

မချစ်တတ်သေးသော ဆုသက်ထွေး...။

မချစ်ဖူးသေးသော ဆုသက်ထွေး...။

ဝေခွဲမရ...ယောင်ချာချာ ဖြစ်နေမိပါ၏။

'ဆုသက်...'

'အင်း...'

'ဆုသက် ရောက်ပြီလေ...'

'ဩော်...'

'ဆုသက် ဘာတွေ များ အတွေးနယ် ကျွံသွားတာလဲ ဟင်...'

'သူ့ကြောင့် ပဲပေါ့...'

'ဘာအကြောင်းလဲ...ဘယ်လိုအကြောင်းလဲ...'

'အဲဒါတော့ ဆုသက် ခွဲခွဲခြားခြား မပြောတတ်သေးဘူးကွယ်...'

'ချစ်လိုက်ရတာ ဆုသက်ရယ်...'

တစ်ကိုယ်လုံး ရှိန်းဖိန်းသွားပြီး ဆုသက်ထွေး ကားပေါ်က အထုပ်တွေ ကို သိမ်းစုဆွဲချကာ ကားပေါ်မှ လျင်မြန်စွာ ဆင်းသွားတော့သည်။

ခြေလှမ်းကလေးများ ပင် မှား းလုအောင် လျှောက်နေသော အရှက်ပိုသွားသည့် မိန်းကလေး ကိုကြည့်ကာ ကားထဲက ကောင်လေး၏ မျက်နှာသည် ချိုမြရွှင်ပြုံး ၍ နေပါ၏ ။

♥♥♥

## (၁၁)

သူ့ထက် အလျင်စော၍ အဆောင်တွင် ရောက်နေကြပြီ ဖြစ်သော မိန်းကလေးများ က အထုပ်တွေ မနိုင်မနင်း ဆွဲလာသော သူ့ကို တစေ့တစောင်း တစ်မျိုး၊ တည့်တည့် တစ်မျိုးကြည့် ကာ ကြားအောင်တစ်မျိုး မကြားအောင်တစ်မျိုး သူ့အကြောင်းတွေ ဝေဖန်နေကြ၏ ။

ရတ်ချည်းဆိုသလို ဆုသက်ထွေး၏ ရင်ထဲသို့ စိတ်ရိုင်းကလေးက ဝင်ချလာ၏ ။

'ဟွန်း လူကိုများ အမျိုးမျိုးဝေဖန် မကြားတမျိုး. . . ကြားတမျိုးတွေ လုပ်လို့. . . သူတို့ကို ငါ အရေး စိုက်ရမှာ လားလို့. . . သူတို့က ဘာတွေ မို့လို့လဲ. . . ငါ့စိတ်နဲ့ ငါ့ကိုယ် ငါ ဘာပဲလုပ်လုပ်ပေါ့၊ အို. . . ဂရုစိုက်လို့. . . မှ နေစရာမလိုပါဘူး. . . ငါ့ဘဝ ငါပိုင်တယ်. . . ငါ ကောင်းတယ်ထင်တာ ငါ လုပ်မယ် ဘာ ဖြစ်သလဲ. . .'

မျက်နှာကလေးကို မော့ချီပစ်ကာ နှုတ်ခမ်းကလေးကို တင်းစေ့ပြီး ဆုသက်ထွေးသည် လှေကားပေါ်သို့ တက်ခဲ့သည်။

တစ်လောကလုံးကို မထီတော့သည့် ပုံမျိုးနှင့် ပါ။

အကောင်းဘက် အဆိုးဘက်ကိုသာ လွန်၍ ပြောနေသော ပတ်ဝန်းကျင်သည် ဆုသက် ထွေးအတွက် ရန်သူတွေ ချည်းသာ ဖြစ်လာတော့သည်။

နောက်ဆုံးတွင် တော့ ယဉ်ယဉ်နွဲ့ တစ်ချိန်က ပြောသလိုပါပဲ. . . နာမည် ကောင်း တစ်ခု ဖြစ် လာဖို့ ခဲယဉ်းလှပြီး. . . နာမည် ပျက်တစ်ခုရလာဖို့က လွယ်ကူလှသည်မို့

ဆုသက်ထွေးလည်း အများ မေးငေါ့စရာ တစ်ဦးအ ဖြစ်သို့ ရောက်ရှိသွားတော့သည်။ ပတ်ဝန်းကျင်ကို ရွဲ့ချင်သော စိတ်က ဆုသက်ထွေးကို ဖြောင့်သော လမ်းပေါ်မှ ဆွဲချသွားတော့သည်။

မျိုးဆက်နိုင် ဝယ်ပေးသမျှအကုန်ယူ. . .

အစွမ်းကုန်လှအောင်ဝတ်. . .

မျိုးဆက်နိုင်နှင့် ကားကလေး တဝီဝီစီးကာ အလုပ်အားရက်တိုင်းမှာ နေကုန်အောင် လည်ပတ်ပစ်လိုက်သည်။

နောက်ဆုံးတွင် တော့ ပတ်ဝန်းကျင် တစ်ခုလုံး၏ ဂရုစိုက်မှု သည် ရွှေရည်ဝင်းနှင့် လဲ့လဲ့ဆီမှ သူ့ဆီ၌ လုံးဝဥဿ ုံ ပြောင်းလဲလာပါ၏ ။

ကိုယ့်ကိုယ်ကို ဆုံးမချင်သော စိတ်ထက် အရွဲ့တိုက်ချင်သော စိတ်က ပြင်းထန်လာသဖြင့် မျိုးဆက်နိုင်ကို ချစ်တာမချစ်တာ ဘေးချိတ်ပစ်လိုက်ပြီး အများ မျက်စိနောက်လောက်အောင်ပင် တွဲ ပစ်လိုက်မိတော့သည်။

♥ ♥ ♥

သည်ညနေတွင် လည်း မျိုးဆက်နိုင်နှင့် ထောက်ကြံ့ဘက် လေညင်းခံ ကားလျှောက်စီးမည် ဟု ချိန်းဆိုထားသဖြင့် ဆိုင်မသိမ်းခင် နှစ် နာရီလောက်ကတည်းက ကြို၍ မိမိကိုယ်ကို ဖြီးလိမ်း မွမ်းမံခြယ်သမှု တွေ ပြုမဆံး ဖြစ်နေသည်။

ဆိုင်ရှင် ဒေါ်ရှုတီကြီး၏ မျက်လုံးများ က သူ့ဆီကို မကြာခဏ ကျရောက်နေသည်ကို သတိ ပြုမိတော့မှပဲ ဆုသက်ထွေးလည်း အလှပြင်ပစ္စည်းများ ကို သိမ်းဆည်းလိုက်တော့သည်။

သည်နေ့တွင် မှ ဂျူတီချိန်းခါနီး လာလေလေ ဝယ်သူတွေ ကျကျလာလေလေ

ဖြစ်နေ၏ ။

ရွှေရည်ဝင်းနှင့် လဲ့လဲ့တို့ ပြန်သွားကြသည်ကိုပင် သတိမပြုမိဘဲ ဖြစ်ခဲ့၏ ။

လက်မလည်အောင် ရောင်းနေရင်းက ဆုသက်ထွေး၏ မျက်လုံးများ သည် ဆိုင်ပြင်ဆီသို့ မကြာခဏ ကျရောက်၍ နေ၏ ။

မိမိနှင့် နေရာချင်းလဲမည့် နော်အေးထူးရောက်လာသည့်အခါတွင် တော့ အရောင်းစာရင်း တွေ ကို ထိုးအပ်ပြီး မိမိနေရာမှ လျင်မြန်စွာ ထွက်ခဲ့သည်။

ဆိုင်ပြင်ရောက်တော့ ကားကလေးရပ်နေကျနေရာသည် ကွက်လပ် ဖြစ်နေသည်ကို ဆုသက်ထွေး တွေ့လိုက်ရသည်။

ဆုသက်ထွေးသည် သူ့ လက်ကောက်ဝတ်ဖြူဖြူဝင်းဝင်းကလေးပေါ်တွင် ဝတ်ဆင်ထား သော မျိုးဆက်နိုင်က မေတ္တာလက်ဆောင်ပေးထားသည့် စီဒဇင် ရွှေမည် းနာရီကလေးကို ငုံ့ကြည့် လိုက်သည်။

'ဟင် . . . ငါးနာရီတောင် ခွဲနေပြီပဲ . . . သူ ဘာ ဖြစ်လို့ ရောက်မလာတာပါလိမ့် . . .'

သူ့ရင်ထဲ လေးခနဲ ဖြစ်သွားမိပြီး ပတ်ဝန်းကျင်ထဲသို့ စူးစမ်းရှာဖွေသော မျက်လုံးများ ဖြင့် လိုက်လံကြည့်ရှုလိုက်သည်။

မျိုးဆက်နိုင် စီးနေကျ အနီရောင် ကားကလေးကိုဖြင့် မတွေ့ခဲ့ရပါ။

လေးတွဲ သော ခြေလှမ်းများ ဖြင့် ကားမှတ်တိုင်ဆီသို့ အသာလျှောက်ခဲ့ပြီး သူလာနိုးနိုး ဆုသက်ထွေး စောင့်မျှော်နေလိုက်မိသည်။

သဘာဝအလင်းရောင်များ ပျောက်၍ လျှပ်စစ်မီးများ ပွင့်လင်းလာသည့်အခါတွင် တော့ ဆုသက်ထွေးသည် လည်တရှည်ရှည်နှင့် စောင့်စားရခြင်းကို အဆုံးသက်ကာ မှတ်တိုင်ဆီသို့ ဝင် လာသော လိုင်းကားတစ်စီးပေါ်သို့ တက်လိုက်သည်။

ကျပ်ညှပ်နေသော လူတွေ ထဲ အတင်းတိုးဝင်ရပြီး လူ့အနံ့အသက်များ ရှူ

ရှိုက်မိလိုက်သည့် အခါတွင် ဆုသက်ထွေးသည် ရုတ်တရက် စိတ်တိုသွားမိသည်။

'မလာနိုင်ရင်လဲ ပြောတာ မဟုတ်ဘူး. . . သူ့ကို စောင့်ရင်းနဲ့ ကားတွေ က ပြတ်လာတာ. . လာတဲ့ကားကြတော့လဲ ငါးပိသိပ် ငါးချဉ်သိပ်နဲ့ သူ ကိုရဲတို့နဲ့တွေ ့မတွေ ့ဘဲ မနေပါဘူး. . . ငါ့ဆီ တစ်ခုခုတော့ ပြောလိုက်ဖို့ ကောင်းတယ်. . . နေနှင့် ဦး မလာဘဲနေမှာ မဟုတ်ဘူး တွေ ့မှ သိမယ်'

မျက်နှာကလေးစူမှူ နှစ်စွာ ဖြင့် ဆုသက်ထွေး ကားပေါ်လိုက်ပါလာခဲ့သည်။

အဆောင်သို့ ပြန်ရောက်သည့်အခါတွင် လည်း ဒေါသစိတ်တွေ ထိုးထိုးထောင်ထောင်နှင့် အဝတ်အစားမလဲနိုင်ဘဲ ခုတင်ပေါ် ပစ်လှဲချ၍ နေလိုက်သည်။

တစ်ယောက် တည်း အတွေ းအမျိုးမျိုး ဖြစ်နေမိစဉ် တစ်ဘက်ခန်းမှ ရွှေရည်ဝင်းနှင့် လဲ့လဲ့ တို့၏ စကားသံများ အခန်းနှင့် နီးလာသည်ကို ဆုသက်ထွေး ကြားလာရသည်။

'သူတို့တောင် ပြန်လာကြပြီပဲ. . . သူတို့တော့ ကိုနိုင်အကြောင်း သိကောင်း သိကြမှာ ပဲ. . .'

အသာနားစွင့်နေမိစဉ် ခြေသံများ သုံ့အခန်းရှေ့တွင် ရပ်တန့်သွားကြပြီး. . .

'ဆုသက်. . .'

'ဒေါက်. . . ဒေါက်. . . ဒေါက်. . .'

'ဆုသက်'

'ရှင်'

ဆုသက်ထွေးသည် အိပ်ရာထဲမှ လူးလဲထပြီး အခန်းတံခါးဆီသို့ အပြေးကလေးသွားကာ တံခါးရှက်နှစ် ချပ်ကို ဆွဲဖွင့်လိုက်သည်။

'ရောက်နေတာ ကြာပြီလား. . . '

'မကြာသေးဘူး ရွှေရည်. . .'

'တို့နဲ့ ကိုနိုင်နိုင် မြို့ ထဲမှာ တွေ့လို့ မှာ လိုက်တယ်. . . သူ ရုတ်တရက် ခရီးထွက်သွားရလို့ ပြန်လာမှပဲ မင်းကို အကျိုးအကြောင်း ရှင်းပြမယ်တဲ့. . .'

'သူ. . . သူ. . . ဘာကိစ္စနဲ့ ခရီးထွက်သွားတာလဲဟင်. . . သူ့အမေ နေမကောင်း ဖြစ်ပြန်လို့ လား. . .'

'ဒါတော့ ဘယ်သိမှာ လဲ. . . သူကလဲ ပြောမပြဘူး. . . တို့တွေ ကလဲ မမေးလိုက်ဘူးလေ. . သူက သိပ် အထာကြီးတော့ တို့နဲ့ ကတော့ မေးပြော ခေါ်ထူးပဲ ရှိတယ်. . .'

လဲ့လဲ့က ဝင်ပြောလိုက်ခြင်း ဖြစ်သည်။

ဆုသက်ထွေးလည်း သူတို့နှစ် ယောက် ၏ မျက်နှာကြည့်ပြီး ဘာဆက်ပြောရမှန်းမသိ ဖြစ် သွားသည်။

'သွားမယ်. . . ဆုသက်. . . တို့ ညစာ မစားခဲ့ရသေးလို့. . .'

ရွှေရည်ဝိုင်းက ပြောပြီး သူတို့နှစ် ယောက် ဆုသက်ထွေး၏ ရှေ့မှ ထွက်ခွာသွားကြသည်။

ဆုသက်ထွေးမှာ လက်တစ်ဘက်က တံခါးရွက်ကို ကိုင်၍ ငိုင်တွေ ကာ ကျန်ရစ်ခဲ့၏ ။

မည် မျှကြာအောင် ငိုင်တွေ သွားမိသည် မသိ။ ရွှေရည်ဝင်းနှင့် လဲ့လဲ့တို့ သူ့ အိပ်ခန်းရှေ့မှ ရယ်မောကာ စကားပြောရင်းဖြတ်သွားသည်ကို တွေ့ရမှ ကိုယ့်အ ဖြစ်ကို ကိုယ် သတိပြန်ရရှိသွား သည်။

ဆုသက်ထွေးလည်း တံခါးကို လျင်မြန်စွာ ပြန်ပိတ်ခဲ့ပြီး ခုတင်ဆီသို့ ပြန်လာကာ လှဲချလိုက် သည်။

မိမိထံ သတင်းကလေးမှ မကြားနိုင်လောက်အောင် ဘယ်အကြောင်းတွေ ကများ

သူ့ကို ဖန်တီးခေါ်ဆောင်သွားလေသနည်းဟု ဆုသက်ထွေးတွင် တွေးစရာတွေ က ပင်လယ်ဝေနေ၏ ။

♥ ♥ ♥

သုံးရက်. . . တမွန်းတည့် အချိန်ကာလသို့ ရောက်ရှိလာသော အခါ ထိတ်လန့် တုန်လှုပ် ဖွယ်ရာကောင်းသော အလွန်အကျည်းတန် အရုပ်ဆိုးခြင်းလည်း ရှိလှသော သတင်းစကား တစ်ခု ဆုသက်ထွေးထံသို့ ရောက်ရှိလာ၏ ။

'မဟုတ်ဘူး. . . မဟုတ်ဘူး. . . မဟုတ်နိုင်ဘူး. . .'

ကိုယ့်နားကို ကိုယ်မယုံနိုင်။ လက်နှစ် ဘက်ဖြင့် တင်းကျပ်စွာ ပိတ်၍ ဆုသက်ထွေး ခေါင်းကို ယမ်းခါအော်ပစ်လိုက်မိသည်။

'ရှူး . . . တိုးတိုး ဆုသက် တိုးတိုး. . . ဒေါ်ရှုတီကြီးကြားသွားရင် မင်း အလုပ်ထိခိုက် နစ်နာ စရာ ဖြစ်သွားမယ်. . .'

သူ့ ပခုံးကိုလှုပ်ပြီး ရွှေရည်ဝင်းက စိုးရိမ်ကြီးလှဟန်ဖြင့် သတိပေးလိုက်သည်။

'အဟင့်. . . ဟင့်. . . ဟင့်. . . သူ. . . သူ့အကြောင်းကို အစက မသိကြဘူးလား. . . သူ သူက တောင်ကြီးက သူဌေးသားဆို. . . ခု. . . ခု ဘယ်လို ဖြစ်သွားရတာ လဲ. . .'

ဆုသက်ထွေးသည် မရှုနိုင် မကယ်နိုင် ငိုရှိုက်ရင်းက ရွှေရည်ဝင်းကို ပြောလိုက်သည်။

ရွှေရည်ဝင်းလည်း ဦးခေါင်းကို ငိုက်ခနဲ ကျိုးကျသွားပြီး. . .

'ဆောရီးပဲ ဆုသက်. . . သူတို့အားလုံး နားလည်ထားတာ နိုင်နိုင်က တောင်ကြီးက တစ်ဦး တည်းသော သူဌေးသားလို့ပဲ. . . သူကလဲ သူ့ကိုယ်သူ ဒီလိုပဲ ပြောထားခဲ့တာကိုး. . .'

'သူက. . . သူက အစကတည်းက မိုးဆွေတို့ ကိုရဲကိုတို့နဲ့ သိကျွမ်းခဲ့တာ မဟုတ်ဘူးလား ဟင်. . .'

'သူတို့ တီးဟောက်(စ်)တစ်ခုမှာ စတွေ ့ခဲ့ကြတာ. . . အမြဲသွားထိုင်ကြရင်း မျက်မှန်းတန်း ပြီး ခင်မင်ရင်းနှီးသွားကြတာတဲ့. . . နိုင်နိုင်က လျှို့ဝှက်ထားမှု အားကောင်းတော့ ဒီအ ဖြစ်မှန်တွေ ပေါ်လာမှပဲ နိုင်နိုင့်အကြောင်း သူတို့ သိကြရတာ တဲ့. . . မင်းဘက်ကလဲ မှား တာပဲ. . . ကိုယ့်ဘဝ အတွက် အဖော်မွန်အ ဖြစ် ရွေးမယ့်သူကကို ကိုယ့်ဘာသာကိုယ် ဆန်းစစ်ကြည့်ဖို့တော့ လိုတာပေါ့ ငါးစာပဲမြင်ပြီး ငါးမျှားချိတ်ကို မင်း မမြင်တာ သိပ်မှား တာပေါ့ ဆုသက်. . .'

မြားဦးက သူ့ဘက်သို့ လှည့်သွားလေပြီ. . .။

မထွေးနိုင် မအန်နိုင် ဖြစ်နေသော ဆုသက်ထွေးမှာ ချေပစရာ စကားစ ရှာမတွေ ့နိုင်တော့ ဘဲ မျက်ရည်စတွေ ပြည့်အိုင်စွာ ဖြင့် ဝိုင်းစက် ပြူး ကျယ်နေသော မျက်လုံးများ ဖြင့်သာ ရွှေရည်ဝင်း ကို ကြည့်နေသည်။

ရွှေရည်ဝင်းလည်း ရင်မောလှဟန်ဖြင့် သူ့ကို တစ်ချက်ကြည့်လိုက်ပြီး အမျိုးသမီးအိမ်သာ ခန်းထဲမှ ထွက်ခွာသွားတော့သည်။

ဆုသက်ထွေးသည် သူ့ မြင်ကွင်းထဲမှ ရွှေရည်ဝင်းပျောက်ကွယ်သွားသည်နှင့် တစ်ပြိုင်နက် မျက်နှာကို လက်ဝါးနှစ် ဘက်ဖြင့် အုပ်ကာ သည်းထန်စွာ ငိုရှိုက်ပစ်လိုက်သည်။

အကုသိုလ်ဆိုတာ တစ်ခုတည်း ဘယ်တော့မှ မလာဘဲ အဖော်အပင်းနှင့် လာသည်ဆို သည်မှာ ယခုမှ ဆုသက်ထွေးအတွက် လက်တွေ ့ ဖြစ်လေပြီ။

'ဆုသက်. . . ဆုသက်. . .'

စိတ်ကို ပြန်၍ ကြိုး စားထိန်းချုပ်ပြီး အမျိုးသမီးအိမ်သာခန်းမှ ထွက်ဟန်ပြင်လိုက်စဉ် ရေး ကြီးသုတ်ပြာပြန်၍ ပြေးဝင်လာသော ရွှေရည်ဝင်းကို ဆုသက်ထွေး တွေ ့လိုက်ရသည်။

ရွှေရည်ဝင်း၏ မျက်နှာမှာ သွေးဆုတ်သည့်ကဲ့သို့လည်း ဖြူရော်နေသည်။

'ဆုသက်. . . ဆုသက် ဆိုင်ရှေ့မှာ ရဲတွေ . . . ရဲတွေ မင်း. . . မင်းကို လာမေးနေကြတယ်'

'ဟင်. . .'

ထိတ်လန့်တုန်လှုပ်သွားစိတ်က ရွှေရည်ဝင်းကို မူးမေ့ထိုင်လဲလုမတတ် ဖြစ်သွားစေပါသည်။

'အို. . . ဆုသက်. . . သတိထားလေ. . . သတိထား. . .'

'ရဲ. . . ရဲတွေ ဟုတ်လား. . . သူတို့. . . . သူတို့က ဆုသက်ကို ဘာအကြောင်းနဲ့ တွေ့ချင် ကြတာလဲဟင်. . .'

'မသိဘူး. . . ခု ဒေါ်ရွှတီကြီးနဲ့ စကားပြောနေတယ်. . .'

'ဟင်. . . ဆုသက်. . . ဆုသက် ဘာလုပ်ရမလဲ. . . ထွက်ပြေးရမလား ဟင်. . .'

'အို. . . ထွက်ပြေးလို့ ဘယ် ဖြစ်မလဲ. . . မင်းကို သူတို့ မတွေ့တွေ့အောင် လိုက်ရှာကြ မှာ ပေါ့. . . အကြောက်လွန်ပြီး မင်း ထွက်ပြေးရင် အပြစ်ပိုကြီးလာမယ်. . . ဖြစ်လာမှတော့ မထူး တော့ဘူး ဆုသက်. . . လာမယ့်ဘေး ပြေးတွေ့လိုက်တာပဲ ကောင်းမယ်လို့ တို့ ထင်တယ်. . . မင်း အပြင်ထွက်လိုက်ပါ ဆုသက်. . .'

'ဆုသက်ထွေး. . . ဟေ့ ဆုသက်ထွေး. . .'

'ဟော. . . ဒေါ်ရွှတီကြီး လာခေါ်နေပြီ. . . ထွက်လိုက် ထွက်လိုက်. . .'

ရွှေရည်ဝင်းက သူ့ကိုယ်ကို တွန်းပို့လိုက်သဖြင့် ဆုသက်ထွေးလည်း အမျိုးသမီး အိမ်သာ ခန်းမှ အပြင်သို့ ရောက်ရှိသွား၏ ။

သည့်အခါတွင် ခက်ထန်မာကျောနေသော ရောင် စုံခြယ်သထားသည့် ဆိုင်ရှင် ဒေါ်ရွှတီကြီး၏ မျက်နှာကို ဆုသက်ထွေး နီးကပ်စွာ မြင်တွေ့လိုက်ရသည်။

'ဟော့. . . လာ. . . လာ. . . နင့်အရုပ်တွေ မြန်မြန် လာရှင်းစမ်း. . .'

သူ့လက်ကို ဆက်ခနဲ ဖမ်းယူဆုပ်ကိုင်ပြီး သူထိုင်သော အခန်းသို့ ဆွဲခေါ်သွားပါတော့ သည်။

ဆုသက်ထွေးမှာ ခလုတ်ကန်သင်း တိုက်ရင်း လဲလုလဲပြိုနီးနီး သူ့နောက်သို့ ပါသွားခဲ့ ရပေ၏ ။

'ဒီမှာ စခန်းမှူး ဆုသက်ထွေးဆိုတာ ဒီဟာမပဲ. . .'

စခန်းမှူး ကြီးက တုန်ယင်ဖြူဖျော့နေသော ဆုသက်ထွေးကို မမိုတ်မသုန် မျက်လုံးများ ဖြင့် ကြည့်ပြီး အတန်ကြာမှ. . .

'ထိုင်ပါဦး မိန်းကလေး. . . မိန်းကလေးကို ဦး. . . နည်းနည်း ပါးပါးမေးမြန်းစရာရှိလို့ပါ. . . မင်း နာမည် ဆုသက်ထွေးနော်. . .'

'ဟုတ်. . . ဟုတ်ကဲ့. . .'

ဆုသက်ထွေးသည် စခန်းမှူး ကြီး အထိုင်ခိုင်းသော ခုံတွင် ထိုင်နွဲ့စွာ ထိုင်လိုက်သည်။

'ဂုံညင်းတန်းရွာအနီးမှာ ရောင်ပြေးရင်း တိမ်းမှော က်မီးလောင်သွားတဲ့ကားထဲပါသွားတဲ့ မြင့်ဦး ခေါ်. . . မျိုးဆက်နိုင် ခေါ်. . . နိုင်နိုင်ဟာ မင်းရဲ့ ချစ်သူဆိုတာ ဟိုလား. . .'

'ဆု. . . ဆုသက် ဆုသက်. . . အဟင့်. . . ဟင့်. . . ဟီး. . .'

'အို ခုမှ မျက်ရည်ခံ ထိုးမနေနဲ့. . . မေးတာကို ဖြေလိုက် အချိန်ကြာတယ်. . . ရှုပ်ရှုပ်ရှက် ရှက်တွေ ငါ့ဆိုင်ထဲမှာ ဖြစ်တာ မကြိုက်ဘူးဟော့ ဒါပဲ. . .'

'ဒေါ်ရှုတီ ခဏသည်းခံပါဗျာ. . .'

စခန်းမှူး ကြီးက တရှူး ရှူး ဒေါသထနေသော ဆိုင်ရှင်ကို အသာနေရန်

ဟန့်ထားလိုက်သည်။

'ကဲ...မိန်းကလေး...ဦး မေးတာကို ဖြေပါ...'

'ဆုသက်...ဆုသက် ဘယ်လိုပြောရမလဲရှင်...ဆုသက်ရဲ့ ချစ်သူလို့ အတိအကျ မဟုတ်သေးပါဘူး...သူ့ကို ဆုသက် ခင်မင်ရုံပဲ ရှိပါသေးတယ်...ဆုသက် သူ့ကို ချစ်ပါတယ် လို့လဲ တစ်ခွန်းမှ မပြောရသေးပါဘူး...သူက သူက သာ အတင်းလိုက်ကပ်နေလို့...'

'သမီးရည်းစား မဟုတ်ဘူးဆိုတော့ နင်က သူ့ကို ချူစားနေတာပေါ့ ဟုတ်လား... ဒါဆို နင် ကောင်းတဲ့ကောင်မ ဘယ်ဟုတ်မလဲ...နင့်ကြောင့် ငါ့ဆိုင် နာမည် ပျက်ရတော့မယ်ဟဲ့...'

ဒေါ်ရွှေတီကြီး၏ နာနာထက်ထက် စကားလုံးများ က ဆုသက်ထွေးကို လဲသေပစ်လိုက်ချင် အောင် ဖြစ်သွားစေပါသည်။

'ဒေါ်ရွှေတီ ကျွန်တော် ဒီမိန်းကလေးနဲ့ နှစ် ယောက် တည်း စကားပြောချင်ပါတယ် ခင်ဗျာ...ခဏ ထွက်ပေးပါ...'

မျက်နှာထား တည်တည်ကြီးဖြင့် စခန်းမှူး ကြီးက ပြောလိုက်သဖြင့် ဒေါ်ရွှေတီကြီးသည် ခြေ ကို ဆောင့်နင်း၍ အခန်းထဲမှ ထွက်သွား၏ ။

'ကဲ...ဦးမေးတာကို ဖြေပါ...ချစ်သူအနေနဲ့တော့ မဟုတ်ဘူး...သူငယ်ချင်း အဆင့် ထက်တော့ ပိုခဲ့တယ်ပေါ့ ဟုတ်လား မိန်းကလေး...'

'ဟုတ်...ဟုတ်ကဲ့...အဲသလိုပဲ ပြောရပါ့မယ်...သူက ဆုသက်ကို သိပ်ချစ်နေတာ တော့ မှန်ပါတယ်...'

'သူက သူ ဘယ်ကလာတယ်...သူက ဘယ်သူဘယ်ဝါပါလို့ ပြောထားသလဲ ဟင်...'

'ဆုသက်...ဆုသက်ကို ပြောထားတာတော့ သူက တောင်ကြီးကလာတာ... သူက ချမ်းသာတဲ့ မိဘက မွေးဖွားတဲ့ တစ်ဦးတည်းသော သားတဲ့...သူ့အမေမှာ နှလုံး ရောဂါ

ရှိလို့ ရောဂါ ထတာနဲ့ သူ တစ်ခေါက် တောင်ကြီးကို ပြန်ခဲ့ပါသေးတယ်. . . သူ ပြောတာကို ဆုသက်က ဒီအတိုင်းပဲ ယုံ. . . ယုံကြည်ထားပါတယ်. . . သူ သူကလဲ တကယ့် သူဌေးသားပုံစံနဲ့ ဝတ်စားပြီး ကားပေါ်က မင်းရှိနေတော့ ဆုသက်. . . ဆုသက်. . .'

ဆုသက်ထွေး၏ အသံကလေးများ က တိမ်ဝင်ပြီး လည်ချောင်းထဲက မထွက်ပဲ ရှိနေ၏ ။

'အင်း. . . တစ်ဦး တစ်ယောက် ကို မောင်မြင့်ဦးက အယုံသွင်းတာ ပိုင်တယ်. . . ပိရိတယ် လို့ ပြောရမှာ ပေါ့လေ. . . သူ့ဇစ်မြစ်ကို ဖော်ထုတ်လိုက်တော့ သူဟာ ဥပဒေ မလွတ်ကင်းတဲ့ မူးယစ်ဆေးဝါး မှော င်ခိုရောင် းဝယ်သူ တစ်ဦးပဲ. . . ကိုယ်တိုင်လဲ ဆေးစွဲနေတဲ့ လူ တစ်ယောက် ဆို တာ ဦးတို့ သိကြရတယ်. . .'

ဆုသက်ထွေးသည် လက်နှစ် ဘက်ကို တင်းကျပ်စွာ ဆုပ်ကာ နင့်နင့်နည်းနည်း ကြီး ဦးခေါင်းကို တအားငုံ့ကာ ငိုရှိုက်နေ၏ ။

'မိန်းကလေး. . . ဦး မေးဦးမယ်. . . မြင့်ဦးက မင်းကို အပ်နှံထားတဲ့ ပစ္စည်းတွေ ဘာတွေ ကော မင်းလက်ခံထားမိတာ ရှိသလား ဟင်. . .'

'ဟင့်အင်း. . . ဟင့်အင်း. . . ဆုသက်ကို သူ သူ. . . ဘာပစ္စည်းမှ အပ်မထားခဲ့ပါဘူးရှင်'

ရုတ်ချည်း ဆတ်ခနဲ ခေါင်းပြန်ထောင်ကာ မျက်လုံးပြူး မျက်ဆံပြူး ဖြင့် ဆုသက်ထွေးက အကြောက်အကန် ဖြေလိုက်ပါသည်။

'အင်း. . . မအပ်ဘူးဆိုပေမယ့် ဦးတို့ ကတော့ ဝတ္တရားရှိတဲ့အတိုင်း မင်းရဲ့ အဆောင်ခန်း ကို ဝင်ရှာဖွေရမှာ ပဲ မင်း. . . ဦးတို့နဲ့ ခုလိုက်ခဲ့ပါ. . .'

'ဟုတ်ကဲ့. . . ဟုတ်ကဲ့. . .'

ဆုသက်ထွေးသည် စခန်းမှူး ကြီးနှင့် အတူ ဒေါ်ရှုတီ၏ ရုံးခန်းထဲမှ ထွက်လိုက်သည်။

ဆိုင်ရှိ အလုပ်သမား အားလုံး၏ မျက်နှာသည် ဆုသက်ထွေး၏ ကိုယ်ပေါ်သို့ စု၍ ကွက်ကျနေ၏ ။

ဆုသက်ထွေးမှာ အသက်ရှုမှာ းလာရသည့်ကဲ့သို့ ခြေလှမ်းများ လည်း မှာ းနေသည်။

'ဟော့. . . နင့်ပစ္စည်းတွေ အကုန်တစ်ခါတည်း ယူသွား. . . နင်နဲ့ ဘာမှ မဆိုင်တော့ဘူး. . . နင် ရစရာရှိတာပါ ရွှေရည်ဝင်းနဲ့ ပို့ပေးလိုက်မယ်. . . နင် လာစရာမလိုတော့ဘူး. . .'

ယိုင်ခနဲ ဖြစ်သွားသော ဆုသက်ထွေးကို အနီးတွင် ရှိနေသော စခန်းမှူး ကြီးက လှမ်းထိန်း ပေးလိုက်ရသည်။

ဆိုင်ရှေ့ လွန်လွန်ကလေးတွင် ရပ်ထားသော ရဲကားဆီသို့အရောက်တွင် ရွှေရည်ဝင်းက သူ့ ပလတ်စတစ်ခြင်းကလေးကို ပြေးလိုက်၍ ပေးလာသည်။

'ကဲ. . . တက်. . .'

ရဲကား၏ တံခါးကို ပြည်သူ့ရဲတစ်ဦးက ဖွင့်ပေးလာသဖြင့် ဆုသက်ထွေး ကားပေါ်သို့ တက်လိုက်သည်။

ကားပေါ်တွင် ရဲသားသုံးလေးဦးနှင့် အတူ အရပ်သားဝတ် ဝတ်ဆင်ထားသော လူတစ် ယောက် လည်း ရှိနေ၏ ။

ဆုသက်ထွေးကို သူက စူးစူးစိမ်းစိမ်းကြည့်နေသည်။

ဆုသက်ထွေး ကတော့ သူ့ကို သတိထားမိဟန်မတူဘဲ ခေါင်းကို တအားငုံ့ကာ ကိုယ် ကလေးကို ကျုံ့၍ ထိုင်နေသည်။

'ကိုမင်းထက်ပိုင် ခင်မျှားညီရဲ့ မိန်းကလေး ဆိုတာ သူပဲပေါ့. . .'

ဆုသက်ထွေးသည် ဆတ်ခနဲ ခေါင်းထောင်ပြီး သူ့ရှေ့ထိုင်ခုံက လူ၏ မျက်နှာကို ကြည့် လိုက်မိသည်။

ရွံ့ရှာစက်ဆုပ်ဟန်ဖြင့် သူ့ကို မမိုတ်မသုန်ကြည့်နေသော မျက်ဝန်းများ ကို ဆုသက်ထွေး တွေ့ လိုက်ရပါသည်။

အရောင် စူးရှနေသော မျက်လုံးများ . . .။

ညိုမှောင်၍ နေသော မျက်နှာ. . .။

တင်းစေ့နေသော နှုတ်ခမ်းများ နှင့် ခက်ထန်သော အသွင်ကိုဆောင်နေသည့် သူ့ရှေ့က လူကို ဆုသက်ထွေး တာရှည် မျက်လုံးချင်းဆုံဝံ့နိုင်အားမရှိတော့ဘဲ ထိတ်လန့်ကြောက်ရွံ့စိတ်တွေ ဝင်ကာ ခေါင်းကို တအား ပြန်ငုံ့ထားလိုက်သည်။

'ခု စုံစမ်းစစ်ဆေးမိသလောက်မှာ တော့ ခင်ဗျားညီက သူ့ကိုယ်သူ တောင်ကြီးက တစ်ဦး တည်းသော သူဌေးသားအ ဖြစ်နဲ့ ပိပိရိရိအယုံသွင်းခဲ့တာကို တွေ့ ရတယ်ဗျ. . .'

သူ့ရှေ့ မိန်းကလေးကို မုန်းတီးရွံ့ရှာစိတ်တွေ အားကြီးနေမိသဖြင့် စခန်းမှူး ၏ စကားကို မင်းသက်ပိုင်မှာ မတုံ့ပြန်နိုင်ဘဲ ရှိနေသည်။

'တစ်ကိုယ်လုံး ဝတ်စားထားလိုက်တာ ပျံလန်နေတာပဲ. . . သူ့ အရောင် းစာရေး မလစာ ကလေးနှင့် ဒီလိုရွှေတွဲလဲ ဝတ်စားနေနိုင်မှာ လား. . . ငါ့ညီကို ရုပ်နဲ့မြှူဆွယ် ချူနေတဲ့ ဒီဟာမ ကလေးကို ငါ အရှင်လတ်လတ် အမှု န့်ကြိတ်ပစ်လိုက်ချင်တယ်. . . ဟင်း. . .'

အံကို တင်းတင်း ကြိတ်မိလိုက်သဖြင့် သွားတစ်ခုနှင့် တစ်ခု ဖိတိုက်ပွတ်မိသံများ က မင်းသက်ပိုင်ထံမှ ထွက်နေသည်။

ဆုသက်ထွေးမှာ အဆောင်ရောက်သည်အထိ ခေါင်းမဖော်ဝံ့ဘဲ ပါလာခဲ့သည်။

♥♥♥